မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအမှတ်(၂၂)၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

တင်ပြဆွေးနွေး

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၀ ပြည့်နှစ် လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ တည်ငြိမ်အေးချမ်းစွာနှင့် မှန်ကန်စွာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ရွေးကောက်ပွဲအတွေ့အကြုံများအရ နောင်တွင် ယခုထက် ပိုမိုပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးရန်ပြောကြားပြီး တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက အကြံပြုတင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွှေကမ္ဘာလုံးရုပ်ရှင်ထူးချွန်ဆု The Social Network ဇာတ်ကား ဆုအများဆုံး ဆွတ်ခူး



The Social Network ဇာတ်ကားဖြင့် ဒါရိုက်တာဆု ရရှိသွားသော ဒေးဗစ်ဖင်ချာ(ဝဲ)နှင့် **Black Swan** ဇာတ်ကားဖြင့် ဒါရိုက်တာဆု ရရှိသွားသော အေရွန်နော့ဖ်စကီး(ယာ)တို့အား တွေ့ရစဉ်။

အာကာကျော် – ရေးသားသည်



၂၀၁၁ ခုနှစ်အတွက် ရွှေကမ္ဘာလုံး ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပစဉ်။

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၇

၂၀၁၁ ခုနှစ်အတွက် (၆၈)ကြိမ်မြောက် ရွှေကမ္ဘာလုံး (Golden Globe Awards) ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့)ညက အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ဟောလိဝုဒ်ရှိ ဘီဗာလီဟီလ်တန် (Beverly Hilton) ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

ဆွတ်ခူး

ရွှေကမ္ဘာလုံး ရုပ်ရှင်ထူးချွန်ဆုရဲ့ အဓိကကျတဲ့ဆုကြီးတွေကိုတော့ The Social Network နဲ့ Glee ဇာတ်ကားတွေက ဆွတ်ခူးသွားခဲ့ပါတယ်။

The Social Network ကားဟာ ဒရာမာကားဖြစ်ပြီး ဒီနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ကားတစ်ကား ဖြစ်ပါတယ်။ ဒီကားကို ရိုက်ကူးတင်ဆက်ခဲ့တဲ့ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီဟာ Facebook Website အကြောင်း ရိုက်ကူးပြသခဲ့တဲ့ ကုမ္ပဏီဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ ◆

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၈ ရက်)

လမ်း၊ တံတားများ၏အကျိုးဆက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်

ပြည်ထောင်စုတစ်ဝန်း မော်တော်ကားလမ်းမကြီးများ၊ ရထားလမ်းများ၊ မြစ်ကူးတံတားကြီးများကို ဖောက်လုပ်တည်ဆောက်ပေးထားသဖြင့် သဘာဝအတားအဆီးကြီးများ မည်သို့ပင် ကာဆီးနေစေကာမူ ယနေ့ အချိန်တွင် အချိန်ရာသီမရွေး ကူးသန်းသွားလာနိုင်နေပြီဖြစ်သည်။

ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးလူးဆက်သွယ်သွားလာမှု လွယ်ကူလာခြင်းကြောင့် ကူးသန်းရောင်းဝယ်မှု၊ ကုန်စည်ပို့ဆောင်မှုများ လျင်မြန်စွာ တိုးတက်လာခဲ့သည်။ ကူးသန်းရောင်းဝယ်မှုများ လျင်မြန်စွာ တိုးတက်လာမှုကြောင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာခဲ့သည်။

ဇန်နဝါရီလ ၁၅ ရက်နေ့က နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း(ငန်းစပ်-ကျွဲရှင်းအပိုင်း) လေးလမ်းသွား ကတ္တရာလမ်းနှင့် ကျွဲရှင်းတံတားကို ထပ်မံဖွင့်လှစ်ခဲ့သည်။

နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း (ငန်းစပ်-ကျွဲရှင်းအပိုင်း)သည် ယခင်က ၁၂ပေအကျယ် လမ်းအဆင့်သာရှိခဲ့သည်။ ယခု အကျယ် ၄၈ ပေ လေးလမ်းသွား ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ကျွဲရှင်းတံတား အမျိုးအစားသည် အပေါ်ထည်သံပေါင် ရက်မကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ အောက်ထည် သံကူကွန်ကရစ် လွန်တူးဘိုးပိုင်ဖြင့်တည်ဆောက်ထားပြီး တံတားအရှည်ပေ ၁၈၀ နှင့် ယာဉ်သွားလမ်းအကျယ် ၄၈ ပေ ရှိသည်။ ယာဉ်လေးလမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ငါးပေစီ ရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။ ပေ ၁၈၀ နှင့်အထက် ၂၅၂ စင်းမြောက် တံတားဖြစ်သည်။

ကျွဲရှင်းတံတားကို ဖွင့်လှစ်ခဲ့ခြင်းကြောင့် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီး လမ်းမှတစ်ဆင့် နိုင်ငံတစ်ဝန်း ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်အစိုးရလက်ထက် တံတားကြီး၊ တံတားငယ်များ၊ ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်ချင်းဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ကျေးလက်လမ်းများ ကွန်ရက်သဖွယ်ဆက်သွယ် ဖောက်လုပ်ထားသဖြင့် ယခုအခါ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရွှေပြည်သာ၌ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

အမှတ်(၃)အခြေခံပညာဦးစီးဌာန ရွှေပြည်သာမြို့နယ် အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ဝသန်ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးလှရီက အမှာစကား ပြောကြားသည်။

လက်ခံယူ

ထို့နောက် ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် ဇနီးတို့ကလည်းကောင်း၊ အခြေခံပညာမူလတန်းအဆင့် မြို့နယ်ဆုနှင့် ကျောင်းတွင်းထူးချွန်ဆုများကို သက်ဆိုင်ရာ ဆရာ ဆရာမများကလည်းကောင်း ဆုချီးမြှင့်ခဲ့ကြပြီး ကျောင်းတွင်းဆိုင်ရာ ဘက်စုံတိုးတက်ဖွံ့ဖြိုးမှုတွင် ပါဝင်ကူညီလှူဒါန်းခဲ့ကြသော မိဘများအား ဂုဏ်ပြုလွှာများ ချီးမြှင့်သည်။

ထို့နောက် သူငယ်တန်းမှ ဒုတိယတန်းအထိ နှစ်စဉ် ပညာရည်ချွန်ဆု ရရှိခဲ့သော မဖြူဖြူခိုင်၏ မိဘ ဦးစိုးတင့်- ဒေါ်ခိုင်ခိုင်အေးတို့က လှူဒါန်းသော ငွေကျပ် သုံးသိန်းကို ကျောင်းအုပ်ဆရာကြီး ဦးကံညွန့်က လက်ခံယူခဲ့ပြီး ဂုဏ်ပြုလွှာကို ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရေစီးရေလာကောင်းရေးဆောင်ရွက်

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးအတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းရေးအတွက် ဒီဇင်ဘာ ၁၅ ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို ဒုတိယဦးစီးမှူး (ဈေး) ဦးဝင်းကျော်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေတောင်မြို့နယ် ပြည်သူ့ဆေးရုံ၌ မျက်စိအခမဲ့ ခွဲစိတ်ကုသ

နေပြည်တော် ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ် ညောင်ဝိုင်းရပ်ကွက် စစ်မှုထမ်းဟောင်းအိမ်ရာသို့ ရောက်ရှိပြီး အိမ်ရာများ ဆောက်လုပ်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အတူ ရွှေတောင်မြို့ ပြည်သူ့ဆေးရုံ၌ကျင်းပသည့် မျက်စိအခမဲ့ ခွဲစိတ် ကွင်းဆင်းကုသခြင်းအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဆေးရုံအတွင်း မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆေးရုံခွဲစိတ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် အထူးကုဆရာဝန်ကြီးနှင့်ဆေးကုသမှု ခံယူရန်ရောက်ရှိနေသည့် မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးကြသည်။

ကြည့်ရှုအားပေး

တိုင်းမှူးသည် ဇန်နဝါရီ ၁၁ ရက်က ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု တောင်သူတစ်ဦး၏ စပါးစိုက်ကွက်သို့ရောက်ရှိပြီး လယ်မြေအတွင်း စပါးကြဲပက် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မောချယ်ရီ စာကြည့်တိုက်အဆောက်အအုံသစ် ဖန်းမော်မြို့နယ်၌ဖွင့်

ဖန်းမော် ဇန်နဝါရီ ၁၇

ဖန်းမော်မြို့နယ် မံရွှတ်ကျေးရွာ၌ မောချယ်ရီစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်၊ ပရိဘောဂ၊ စာအုပ်စာစောင်နှင့် မီဒီယာပစ္စည်းပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဖန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စာကြည့်တိုက်အတွက် ငွေပဒေသာပင် ငွေကျပ် ၅၀၀၀၀၊ မံရွှတ်ကျေးရွာ ပြည်သူများစုပေါင်း လှူဒါန်း ငွေကျပ် ၁၀၀၀၀၀၊ Ever ကွန်ပျူတာ၊ မိတ္တူဆိုင်က အလှူငွေကျပ် ၃၀၀၀၀၊ ငါးလုပ်ငန်းဦးစီးဌာနက အလှူငွေကျပ် ၁၀၀၀၀၊ ဖန်းမော်မြို့ ကွန်ပျူတာ၊ မိတ္တူ၊ ပုံနှိပ်ဆိုင်များ စုပေါင်း၍ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ် ၁၀၀၊ မံရွှတ်ကျေးရွာပြည်သူများ စုပေါင်း၍ ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်များနှင့် ငွေကျပ် ၄၇၀၀၀ တန်ဖိုးရှိ မှန်ဗီရိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် မောချယ်ရီစာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစန်းမောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးဥက္ကာ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွှန့်၊ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရီကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ရဲဘော် (၄)လမ်း အမှတ် ၃၅ နေ ဦးအောင်မြင့်ဦး-ဒေါ်ဝင်းဝင်းတင်၊ သမီး မေရွှေနန္ဒာ၊ သား လင်းချိုဆက် မိသားစုက ဒေါ်ဝင်းဝင်းတင်နှင့် သား လင်းချိုဆက် မွေးနေ့ အလှူအဖြစ် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာဌာနသို့ ငွေကျပ် တစ်သိန်းငါးထောင် လှူဒါန်းစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မိုးမိတ်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

မိုးမိတ်မြို့နယ်အသင်း၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သာသနာ့ရာမိကကျောင်းတိုက် အမှတ် ၉၀ မင်းလမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြရန်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

● ကျောဖုံးမှ

စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အထည်ချုပ်လုပ်ငန်းရှင်များ၊ ပုဂ္ဂလိက ကုမ္ပဏီများမှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

လည်ပတ်ထုတ်လုပ်

ရှေးဦးစွာ ဝန်ကြီးဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်တွင်း၌ အဆင့်မြင့်ချည်နှင့် အထည်ထုတ်လုပ်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိတို့၏ လူနေမှုနယ်ပယ်တွင် ဝတ်စားဆင်ယင်မှုသည် အထူးအရေးပါပြီး ယနေ့ခေတ်ကာလမှာ အဝတ်အစားနှင့် ပတ်သက်၍ အရောင်အသွေးမျိုးစုံ၊ ဒီဇိုင်းမျိုးစုံ ရွေးချယ်ဝတ်ဆင်ရမှုကို ပိုမိုနှစ်ခြိုက်လာသဖြင့် လူသားများ၏လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရန် အသစ်အဆန်းများ တီထွင်ထုတ်လုပ်ရန် အမြဲလိုအပ်နေမည်ဖြစ်ကြောင်း၊ ယနေ့တွင် နိုင်ငံအတွင်း စက်မှုဇုန်များ ထူထောင် အရောင်အသွေး ကောင်းမွန်ဆန်းသစ်သည့် အဝတ်အထည်များအား ထုတ်လုပ်လာနိုင်မည် ဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအနေဖြင့် အထည်အလိပ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်၏ အထည်အလိပ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်လာရုံသာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ သဘာဝ သယံဇာတအပေါ် အခြေခံပြီး ရေယွန်ထုတ်လုပ်သည့် စက်ရုံများဆောက်လုပ်ရန်လိုအပ်ချက်များကို ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များက ပါဝင်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဝန်ကြီး ဦးစိုးသိန်းက အထည်အလိပ်ကဏ္ဍ တိုးတက်မြင့်တင်နိုင်ရေးအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု၊ စက်မှုလုပ်သားများ ရရှိ

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အဆင့်မြင့်ချည်နှင့်အထည် ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

ပြည်တွင်း၌ ရေယွန်အမျှင်ထုတ်လုပ်ရန် ယူကလစ်စိုက်ပျိုးနိုင်မှုနှင့် စိုက်ပျိုးနည်းပညာများ ကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို တင်ပြဆွေးနွေးသည်။

ယင်းနောက် စီးပွားရေးလုပ်ငန်းရှင်များက အဆင့်မြင့်ချည်နှင့် အထည်များ ထုတ်လုပ်နိုင်ရေးအတွက် သိလိုသည်များကို မေးမြန်းတင်ပြကြရာ ဝန်ကြီးများက ပြန်လည်ရှင်းလင်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ ခင်းကျင်းပြသထားသော အထည်အလိပ် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ဖွင့်လှစ်ပေးထားပြီး စက်မှုလုပ်ငန်း အကြီးစား၊ အလတ်စား၊ အငယ်စား စုစုပေါင်း ၁၀၇၆၃၅ခုရှိကာ စက်မှုဇုန် ၁၈ခုမှာလည်း စက်ရုံ အလုပ်ရုံ စုစုပေါင်း ၉၇၁၁ ခု တည်ထောင်ဖွင့်လှစ် လုပ်ကိုင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အားပေးကူညီမှုနှင့် သံရည်ကျို၊ စက်ခုတ်စားပုံလောင်း အလုပ်ရုံသုံးခုကိုလည်း မန္တလေး၊ တောင်ကြီး၊ အေးသာယာ၊ မုံရွာ စက်မှုဇုန်များမှာ တည်ထောင်ပြီး အောင်မြင်စွာ လည်ပတ်ထုတ်လုပ်လျက်ရှိကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတော်၏ အဝတ်အထည်ကဏ္ဍတွင် ကုန်ကြမ်းအနေဖြင့် ဝါတစ်မျိုးတည်းကိုသာ သုံးစွဲထုတ်လုပ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်အား လုံလုံလောက်လောက် ဖြည့်ဆည်းနိုင်ရန်အတွက် အထည်စက်ရုံ၊ အလုပ်ရုံများ ထပ်မံတည်ဆောက်ရန် လိုအပ်လျက်ရှိနေကြောင်း။

သဘာဝကုန်ကြမ်းဖြစ်သည့် ဝါး၊ ထင်းရှူး၊ ယူကလစ်၊ ကျူပင်၊ ကိုင်းပင် အစရှိသော အပင်များမှ ရရှိသည့် ပျော့ဖတ်ဖြင့် ရေယွန်အမျှင် ထုတ်လုပ်သော စက်ရုံများ ဆောက်လုပ်နိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပြည်တွင်း၌ ရေယွန်ချည်ဖြင့် ထုတ်လုပ်သည့် အထည်အလိပ်စက်ရုံများ တည်ဆောက်မည်ဆိုပါက နိုင်ငံတော်၏ အထည်အလိပ် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက ခေတ်နှင့်လျော်ညီသော နိုင်မှုနှင့်နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဝန်ကြီး ဦးမောင်မောင်သိမ်းက ကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်စိုးက ရေယွန်အမျှင်နှင့် ရေယွန်ချည်ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် ပြည်တွင်း ဝါဂွမ်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ဖြေကြားကြပြီး ဝန်ကြီးဦးအောင်သောင်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဝန်ကြီးများနှင့်စီးပွားရေးလုပ်ငန်းရှင်များသည် အစည်းအဝေးခန်းမရှေ့၌ ခင်းကျင်းပြသထားသော စက်မှုကုန်ကြမ်း ပြည်တွင်းပြည်ပ ဝါဂွမ်းများ၊ ပြည်တွင်း၌ အသုံးပြုလျက်ရှိသော စက်မှုကုန်ကြမ်း ဝါး၊ သစ်၊ ဂုန်လျှော်၊ ရေယွန်အမျှင် ထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်းများ၊ ရေယွန်ချည်ဖြင့် ထုတ်လုပ်ထားသော အဝတ်အထည်များ၊ ၁၀၀ ရာခိုင်နှုန်း ပိုလီအက်စတာချည်ဖြင့် ထုတ်လုပ်ထားသော အဝတ်အထည်များ၊ ၁၀၀ ရာခိုင်နှုန်း ဝါချည်ဖြင့် ထုတ်လုပ်ထားသော အဝတ်အထည်များနှင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးစီးပွားရေးလမ်းညွှန်စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၇

နှစ်စဉ် ထုတ်ဝေလျက်ရှိသော မန္တလေးစီးပွားရေးလမ်းညွှန်(တကယ်အသုံးတည့်တဲ့လမ်းညွှန်) စာအုပ်ကို (၂၀၁၁)နှစ်ဦးတွင် အစောဆုံးထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ယာပုံ)**

ယင်းစာအုပ်တွင် မန္တလေးမြို့အပါ အဝင် မုံရွာ၊ ပခုက္ကူ၊ ရွှေဘို၊ ကလေး၊ တမူး၊ မကွေး၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ မိုးကုတ်၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပုဂံ-ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မတ္တရာမြို့များနှင့် ယင်းမြို့များနှင့် ဆက်စပ်လျက်ရှိသော မြို့များ အပါအဝင် မြန်မာပြည် (အထက်ပိုင်း) မြို့ပေါင်း ၄၇ မြို့တို့၏ စီးပွားရေးလုပ်ငန်း လိပ်စာ အချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် အတွင်းရောင်စုံ စီးပွားရေးကြော်ငြာများ ပါဝင်သည်။

ကြည့်ရှုနိုင်

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဖော်ပြထားသော လုပ်ငန်းအမျိုးအစား ခေါင်းစဉ် ၈၀၀ ကျော်နှင့် လုပ်ငန်းလိပ်စာ အချက်အလက်ပေါင်း ၈၀၀၀၀ ကျော်



တို့ကိုလည်း စုစည်း၍ ဖော်ပြထားပြီး ယင်းလုပ်ငန်း လိပ်စာအချက်အလက်များကို www.myanmarbusinessdirectory.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

ဆောင်ရွက်ထား

မန္တလေးစီးပွားရေး လမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေး လုပ်ငန်းလိပ်စာ အချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။

ဖြန့်ချိ

မန္တလေးစီးပွားရေးလမ်းညွှန်ကို (၄/၆) ၂၄-၂၅ လမ်းကြား ၆၂-၆၃ လမ်းကြား မြစန္ဒာလမ်းသွယ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၂၀၀၊ ၀၉-၂၀၀၁၁၃၄ နှင့် အမှတ် ၁၄၅၊ ၃၆ လမ်း(လယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၃၂၉၅၊ ၃၈၇၀၁၀တို့မှ ဖြန့်ချိသည်။ **(သတင်းစဉ်)**

တင်းနစ်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ တင်းနစ်ကွင်း၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲနှင့် စပ်လျဉ်းသည့် စာနယ်ဇင်း ရှင်းလင်းပွဲကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း အမှတ်(၁၆-E)၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်း တင်းနစ်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (တင်းနစ်အဖွဲ့ချုပ်)

ရှင်းလင်း

ထို့နောက် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ Tournament Director မြန်မာ့လက်ရွေးစင်တင်းနစ်အားကစားသမားဟောင်း ဦးမောင်မောင်လေးက ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၏ သိရှိလိုသော မေးမြန်းချက်များကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ လူငယ်တင်းနစ်ပြိုင်ပွဲသို့ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ဘူတန်၊ မော်လ်ဒိုက်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ လာအို၊ စင်ကာပူ၊ (West Asian ITF Team)နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ လူငယ်တင်းနစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်မြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က လူငယ်အားမာန်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ တတိယဆုရ ပဉ္စမတန်းမှ မောင်မင်းသစ်ထွန်းအား မိဘဆရာအသင်းနာယက ပြည်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းဆုချီးမြှင့်စဉ်။
(ပညာရေး)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတကာသတင်းများ

ဆိုမာလီရှုပြုတ်လပ်မှု နိုင်ငံတကာအကူအညီများ လိုအပ်

မိုဂါဒစ်ရှူး ဇန်နဝါရီ ၁၇

ဆိုမာလီနိုင်ငံ၌ ဆိုးရွားစွာမိုးခေါင် ရေရှားမှုကြောင့် ရိက္ခာပြတ်လပ်မှုနှင့်ကြုံနေရသော ပြည်သူ ၂ ဒသမ ၅သန်း နီးပါးအတွက် နိုင်ငံတကာမှ အရေးပေါ်အကူအညီများပေးရန် ဆိုမာလီ ဝန်ကြီးချုပ် မိုဟာမက်အဗ္ဗဒူလာမိုဟာမက်က မေတ္တာရပ်ခံလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆိုမာလီဝန်ကြီးချုပ် မိုဟာမက်က ဇန်နဝါရီ ၁၄ ရက်တွင် အထက်ပါအတိုင်း ပန်ကြားမေတ္တာရပ်ခံလိုက်ခြင်းဖြစ်သည်။ နိုင်ငံတကာအရေးပေါ်အကူအညီ မရရှိလျှင် ဆိုမာလီနိုင်ငံ၌ အငတ်ဘေးကပ်ဆိုက်ရောက်မည့်အခြေအနေရှိကြောင်း ဆိုမာလီ ဝန်ကြီးချုပ် မိုဟာမက်က ပြောကြားသည်။

ဆိုမာလီနိုင်ငံ၌ ၁၉၉၂ ခုနှစ်က မိုးခေါင်ရေရှားသဖြင့် ပြည်သူငါးသိန်း သေဆုံးခဲ့ရသည်။ ယင်းသို့ထပ်မံမဖြစ်စေရန် နိုင်ငံတကာမှ အကူအညီပေးရန်လိုအပ်ကြောင်း ဝန်ကြီးချုပ်မိုဟာမက်က ပြောကြားတိုက်တွန်းလိုက်သည်။ **(အင်တာနက်)**

ပါကစ္စတန်မှ ကျောင်းတစ်ကျောင်း လက်နက်ကိုင်များ ဖောက်ခွဲ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်ချင်းစပ်နေသော ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသတွင် ပါကစ္စတန်အစိုးရတပ်များက လက်နက်ကိုင်များနှင့် တိုက်ပွဲဖြစ်ပွားနေစဉ် အမည်မသိ လက်နက်ကိုင်များက စာသင်ကျောင်းတစ်ကျောင်းကို ဖောက်ခွဲဖျက်ဆီးလိုက်သည်။

ဇန်နဝါရီ ၁၅ ရက် နံနက်စောစောပိုင်းက စာသင်ကျောင်း အဆောက်အအုံကို မိုင်းများမြှုပ်ပြီးနောက် တာလီဘန်တို့နှင့် ဆက်နွယ်သည့် လက်နက်ကိုင်များက ဖောက်ခွဲဖျက်ဆီးလိုက်ကြောင်း ပရက်စ်တီဗွီက ကြေညာသည်။ **(အပေါ်ပုံ)**

စာသင်ကျောင်းအဆောက်အအုံကို ဖောက်ခွဲစဉ် ကျောင်းတွင်း၌ တစ်စုံတစ်ဦးမျှမရှိသဖြင့် ထိခိုက်သေဆုံးသည့် သတင်းများမရရှိဟု ဒေသခံတာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်။

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပယ်ဖျက်ရေး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများတောင်းဆိုရန် သဘောတူ

အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို ပယ်ဖျက်ရေးအတွက် အမေရိကန်နှင့် ဥရောပသမဂ္ဂသို့ တောင်းဆိုရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက သဘောတူညီခဲ့ကြသည်။

ဆွေးနွေး

၎င်းနှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးပွဲတွင် ယခုနှစ်၌ ကျင်းပမည့် အာဆီယံဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများအတွက် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

တားမြစ်ပိတ်ဆို့

ဆွေးနွေးပွဲ ပထမနေ့ဖြစ်သည့် ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) ၌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနတာလဲကာဝါက မြန်မာနိုင်ငံ၏ သွင်းကုန်ထုတ်ကုန်များအပေါ် တားမြစ်ပိတ်ပင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ် ကန့်သတ်ခြင်းများ အပါအဝင် စီးပွားရေးဆိုင်ရာ တားမြစ်ပိတ်ဆို့မှုများကို ဖယ်ရှားရေးအတွက် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့အား တောင်းဆိုရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အားလုံးက သဘောတူညီခဲ့ကြသည်ဟု ၎င်းက ပြောကြားခဲ့သည်။

သဘောတူညီ

မြန်မာနိုင်ငံတွင် နိုဝင်ဘာလက အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခြင်းအပါအဝင် နိုင်ငံရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှုများကြောင့် ယခုကဲ့သို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

ပြောကြား

အာဆီယံနိုင်ငံများက အာဆီယံဒေသတွင်း စီးပွားရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအပေါ် အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ သဘောထားများ ပြောင်းလဲလာရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

(အင်န်အိပ်ချ်ကေ)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

>> မိုးမြင့်လင်းလက် – စုစည်းသည် <<

ဖိလစ်ပိုင်၌ ရေလွှမ်း၊ ၄၇ ဦးသေဆုံး

မနီလာ ဇန်နဝါရီ ၁၇

ဖိလစ်ပိုင်နိုင်ငံတွင် ရက်သတ္တနှစ်ပတ်ကြာ မုတ်သုံမိုးရွာသွန်းသဖြင့် ရေလွှမ်း၊ မြေပြိုမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ၄၇ဦး အထိရှိသွားပြီဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက ဇန်နဝါရီ ၁၇ရက်က ကြေညာသည်။

ဒီဇင်ဘာ ၂၉ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကို ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် ဆိုးဆိုးရွားရွား ခံခဲ့ရသည်။

မြေပြိုမှုကြောင့် လူရှစ်ဦးဒဏ်ရာရပြီး လေးဦးပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင်အမျိုးသား ဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီ (အင်ဒီအာရ်အာရ်အမ်)က ကြေညာသည်။

ထိခိုက်ပျက်စီး

ရေလွှမ်းမှုဆက်လက်ကြုံတွေ့နေရသည့်အတွက် ပြည်သူ ၁၈၀၀၀ ကျော်မှာ အိုးမဲ့အိမ်မဲ့ဘဝရောက်ရှိပြီး ယခုအခါ ခေတ္တကယ်ဆယ်ရေး တဲစခန်းများတွင်သာ နေထိုင်ကြရသည်။ မုတ်သုံမိုးကြောင့် နိုင်ငံ၏သုံးပုံတစ်ပုံခန့် ရေလွှမ်းနေကြောင်းသိရသည်။ **(အောက်ပုံ)** စိုက်ပျိုးသီးနှံများနှင့် အခြေခံအဆောက်အအုံများလည်း ထိခိုက်ပျက်စီးရသည်။ **(အင်တာနက်)**

ဂရိအနောက်ပိုင်း ကမ်းလွန်၌ ရေယာဉ်နစ်မြုပ်

အေသင် ဇန်နဝါရီ ၁၇

ဂရိနိုင်ငံအနောက်ပိုင်းကမ်းလွန်၌ တရားမဝင်နိုင်ငံကူးကြသူများကို တင်ဆောင်လာသည့် ရေယာဉ်တစ်စင်း ဇန်နဝါရီ ၁၇ ရက်က နစ်မြုပ်ခဲ့ရာ **(အပေါ်ပုံ)** ၂၂ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ လူအချို့ကို ဂရိကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်ခဲ့ရကြောင်း ဂရိမီဒီယာများက ဖော်ပြသည်။

ဂရိကမ်းလွန် ကော်ဖူကျွန်းကမ်းလွန်တွင် အဆိုပါစက်လှေနစ်မြုပ်ခဲ့မှုကြောင့် စက်လှေပေါ်လိုက်ပါလာကြသူများကို ဂရိစစ်ဘက်ရဟတ်ယာဉ်များ၊ ငါးဖမ်းရေယာဉ်များနှင့် နိုင်ငံခြားကုန်တင်သင်္ဘောများက ကယ်ဆယ်ခဲ့ကြရသည်။

နစ်မြုပ်ခဲ့သည့် ရေယာဉ်တွင် လူ၂၄၁ ဦးခန့် တင်ဆောင်လာခဲ့ရာ ၂၂ဦး ပျောက်ဆုံးနေပြီး ကျန်လူများကို ကယ်ဆယ်နိုင်ခဲ့သည်။ ၎င်းတို့သည် တူရကီမှဂရိသို့ တရားမဝင် ဝင်ရောက်ရန်အတွက် ရေယာဉ်ပေါ် စီးနင်းလိုက်ပါလာကြသူများ ဖြစ်သည်။ ပြီးခဲ့သည့် နှစ်ကလည်း ဂရိနိုင်ငံနှင့် အခြားနိုင်ငံများသို့ တရားမဝင် ဝင်ရောက်ခဲ့သူများမှာ ၁၂၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ခရီးသည်တင်ကား ပါကစ္စတန်၌ ပေါက်ကွဲ ၁၆ဦးသေဆုံး၊ ကိုးဦးဒဏ်ရာရ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၇

ပါကစ္စတန် အနောက်မြောက်ဘက်ရှိ ကိုဟတ်ဒေသတွင် ဇန်နဝါရီ ၁၇ ရက်က ခရီးသည်တင်ကားပေါက်ကွဲမှုကြောင့် ၁၆ဦး ထက်မနည်း သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း ရဲအရာရှိက ပြောကြားသည်။

ယင်းပေါက်ကွဲမှုသည် အသေခံဗုံးခွဲမှုတစ်ခုဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ခရီးသည်တင်ကားတစ်စီးလုံး ပျက်စီးသွားခဲ့ရသည်။ **(အောက်ပုံ)**

တိုက်ခိုက်

ပေါက်ကွဲမှုသည် ဟန်ဂူမြို့မှ ၁၀ ကီလိုမီတာအကွာ ဂျူဇာနယ် မြေစစ်ဆေးရေး ဂိတ်အနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး စစ်ဆေးရေးဂိတ်ရှိ လုံခြုံရေးသမားများကို အဓိကထားဦးတည်၍ တိုက်ခိုက်ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဟန်ဂူဆေးရုံတွင် အရေးပေါ်ကုသပေးလျက်ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

**** ကျောဖုံးမှ***

မြန်မာ့အလင်းသတင်းအဖွဲ့ဟာ ရုပ်ရှင်သရုပ်ဆောင်တွေ စုဝေးရောက်ရှိနေမယ့် အခမ်းအနားတစ်ခုကို သွားရောက်ခဲ့ပါတယ်။

အဲဒီအခမ်းအနားကတော့ ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်တို့ရဲ့ ဇန်နဝါရီ ၁၆ ရက်က ဆီဒိုးနားဟိုတယ်မှာ ကျင်းပတဲ့ မင်္ဂလာအခမ်းအနားပဲ ဖြစ်ပါတယ်။ အဲ့ဒီမှာ နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ မို့မို့မြင့်အောင်ကို တွေ့လိုက်ရတာမို့ ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိနိုင်ခြေရှိတဲ့ သရုပ်ဆောင်များနဲ့ပတ်သက်ပြီး ခုလို လျှပ်တစ်ပြက် အင်တာဗျူးလိုက်မိပါတယ်....။

အကယ်ဒမီ မို့မို့မြင့်အောင်

မေး။ ။ မကြာမီမှာ ကျင်းပတော့မယ့် ၂၀၀၉ ခုနှစ် အကယ်ဒမီဆုနဲ့ပတ်သက်ပြီး ဘယ်သရုပ်ဆောင်တွေ ရနိုင်မယ်လို့ ထင်ပါသလဲ။

ဖြေ။ ။ **ဘယ်သူတွေ ရမယ်ဆိုတာ ခန့်မှန်းရ ခက်ပါတယ်။ အကယ်ဒမီကတော့ ရုပ်ရှင်သရုပ်ဆောင်တိုင်း မျှော်လင့်နေတဲ့အရာပါ။ ဒါပေမယ့် မရသေးတဲ့ သူတွေကိုပဲ ပိုပြီးရစေချင်ပါတယ်။**

မေး။ ။ ၂၀၀၉ ခုနှစ်ထဲမှာ မမို့ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကားတွေ ရှိပါသလား။

ဖြေ။ ။ **ရှိတော့ရှိပါတယ်။ ဒါကလည်း တစ်ကားတည်းပါ။ ဟာသကား ဖြစ်ပါတယ်။ ဇာတ်ကားနာမည်က** ဟော့ရှော့-၂ **ဖြစ်ပါတယ်။**

မေး။ ။ ဒီနှစ်ထဲမှာ အကယ်ဒမီ ရမယ်လို့ ရေပန်းအစားဆုံး သရုပ်ဆောင်တွေ ဆိုရင် ဘယ်သူတွေ ဖြစ်နိုင်မလဲ ဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ။ **ဒီနှစ်ထဲမှာ မြင့်မြတ်နဲ့ နေတိုးတို့လို့တော့ ကြားပါတယ်။ အမျိုးသမီးသရုပ်ဆောင်ထဲက အိန္ဒြာကျော်ဇင်လို့လည်း အများက ပြောတာကြားနေရပါတယ်**ဟု ဖြေကြားခဲ့ပါတယ်။

ဟော့ရှော့-၂ ဇာတ်ကားမှာ ဇာတ်ရုပ်နဲ့ အံဝင်ခွင်ကျဖြစ်အောင် သရုပ်ဆောင်မှု ပြောင်မြောက်စွာ အနုပညာအရည်အသွေး ပြထားတာမို့ မမို့ကိုယ်တိုင်လည်း မျှော်လင့်နိုင်သူ တစ်ဦးပါပဲ။

အကယ်ဒမီရဲအောင်

မြန်မာ့အလင်း သတင်းအဖွဲ့ဟာ ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်တို့ရဲ့ ဆွမ်းကျွေးမင်္ဂလာအခမ်းအနားကျင်းပတဲ့ ဇန်နဝါရီ ၁၅ ရက်မှာ မဟာစည်သာသနာ့ရိပ်သာကို ရောက်ရှိခဲ့ပြီး အဲဒီပွဲ တက်ရောက်လာသူတစ်ဦးဖြစ်တဲ့ ပြီးခဲ့တဲ့နှစ်က **အကယ်ဒမီရှော့** ဇာတ်ကားနဲ့ အကယ်ဒမီဆုရရှိခဲ့တဲ့ အကယ်ဒမီရဲအောင်နဲ့လည်း ၂၀၀၉ ခုနှစ် ရုပ်ရှင်အကယ်ဒမီဆုနဲ့ ပတ်သက်ပြီး သူ့ရဲ့ရင်ထဲကစကားကို မေးမြန်းခဲ့ပါသေးတယ်။

မေး။ ။ ကိုရဲအောင် ခင်ဗျား၊ ၂၀၀၉ ခုနှစ် အတွင်းမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ကားတွေ ဘယ်နှကားရှိပါသလဲ၊ ရှိရင် ပြောပြပေးပါဦး။

ဖြေ။ ။ **ကျွန်တော် ဒီ ၂၀၀၉ ခုနှစ်ထဲမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ကား နှစ်ကားရှိပါတယ်။ ဒီဇာတ်ကားတွေကတော့** ယောက္ခမနှင့် တစ်ထောင့်တစ်ညနဲ့ မိုးညအိမ်မက်မြူ**ဇာတ်ကားတို့ပဲ ဖြစ်ပါတယ်။**

မေး။ ။ အကယ်ဒမီဆု ဘယ်နှဆုရပြီးပါသလဲ ခင်ဗျာ။

ဖြေ။ ။ **အကယ်ဒမီဆု နှစ်ဆုရပြီးပါပြီ၊ တစ်ကားက အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုနဲ့ တစ်ကားကတော့ ဇာတ်ပို့ဆုရခဲ့တာပါ။ အကောင်းဆုံးသရုပ်ဆောင်ဆုကိုတော့** မြစ်တို့၏မာယာ**ဇာတ်ကားနဲ့ ရခဲ့တာဖြစ်ပါတယ်။**

လို့ အနုပညာသက်တမ်းရလာတာနဲ့အမျှ သရုပ်ဆောင်အား ကောင်းနေဆဲဖြစ်တဲ့ အကယ်ဒမီ ရဲအောင်က ဖြေကြားသွားတာ ဖြစ်ပါတယ်။ မကြာခင်မှာ ရုပ်ရှင်အနုပညာရှင်တွေ တန်ဖိုးထားတဲ့အပြင် ထူးခြားလေးနက်တဲ့ အဓိပ္ပာယ်ရှိတဲ့ ၂၀၀၉ ခုနှစ်အတွက် အကယ်ဒမီဆုကို ဘယ်သူတွေ ဆွတ်ခူးနိုင်ကြမယ်ဆိုတာ ရုပ်ရှင်ကြည့် ပရိသတ်တွေ သိရှိလိုစိတ်နဲ့ စောင့်မျှော်နေကြလိမ့်မယ်လို့ ထင်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ဟော့ရှော့(၂) ဇာတ်ကားမှ မို့မို့မြင့်အောင်(ယာစွန်)၏ သရုပ်ဆောင်ဟန်။

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် ဇန်နဝါရီ ၁၇

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု ။** ။ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၃ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၆၃နိုင်ငံရှိပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း အီဂျစ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု ။** ။ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ နိုင်ငံ ၁၅ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှု ၅၁၇ ဦးရှိပြီး ၃၀၆ ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ။** ။ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ လေးကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု ဘုမေလက်သမားကျေးရွာရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး ။** ။ အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည် -

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အလေးထားဆောင်ရွက်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ်သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(င) ကြက်ငှက်အသား၊ ဥတို့ကို ကျက်အောင်ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၇

၁။ **ကြက်သေဆုံးမှု ။** ။ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု ဘုမေလက်သမားကျေးရွာတွင် မွေးမြူထားသော ဥစားကြက်အချို့ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သတင်းရရှိသဖြင့် ရခိုင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဇန်နဝါရီ ၁၂ ရက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

၂။ **ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု အတည်ပြုခြင်း ။** ။ ဓာတ်ခွဲနမူနာပစ္စည်းများကို ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းတွင် စစ်ဆေးရာ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ (Highly Pathogenic Avian Influenza- HPAI) ဖြစ်ကြောင်း တွေ့ရှိရသည်။

၃။ **အရေးယူဆောင်ရွက်ချက် ။** ။ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၄ ရက်တွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ တက်ရောက်လာကြသူများက မီးလောင်မှုအား ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့သရုပ်ပြ ပက်ဖျန်းငြိမ်းသတ်စဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖြူး-ဘန်းလောင် ကျေးလက်ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်ဆိုင်းဘုတ်တွင် မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျွဲတဲကမ်းနားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်မူယာဆွေ ဆောင်ရွက်နေခြင်းအား ဇန်နဝါရီ ၆ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ထီသိမ်ကန်မှ တောင်ကြီးမြို့သို့ ရေပေးဝေမှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးရဲကြည်မြင့်နှင့် အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ဇန်နဝါရီ ၅ရက်က ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျုံပျော်မြို့ မြဝတီရပ်ကွက် ကမ်းနားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃၀ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဦးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးမြို့ ကတ္တရာလမ်းသစ်များဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဇန်နဝါရီ ၁၇

ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး(၇)အတွင်းရှိ ကတ္တရာလမ်းသစ်များဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက အဆိုပါလမ်းသစ်များ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် နံနက် ၈ နာရီတွင် လမ်းသစ်ဖွင့်ပွဲကျင်းပမည့် ဗိုလ်မင်းရောင်လမ်းထိပ်မုခ်ဦးရှေ့၌နေရာယူကြပြီး တာဝန်ရှိသူတစ်ဦးက ကတ္တရာလမ်းသစ်များနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ တိုင်းမှူးက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

အလားတူ နံနက် ၈ နာရီခွဲတွင် တာဝန်ရှိသူတို့က ဗိုလ်တေဇ ကတ္တရာလမ်းသစ်နှင့် ဗိုလ်လရောင် ကတ္တရာလမ်းသစ်များကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ကတ္တရာလမ်းသစ်များကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ယင်းမာပင်၌ အမျိုးသမီးအိမ်တွင်းမှုသင်တန်းဖွင့်

ယင်းမာပင် ဇန်နဝါရီ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ယင်းမာပင်၌ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှက သင်တန်းဖွင့် အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအေးက သင်တန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ အခြေခံသင်တန်းတွင် ၃၀၊ အဆင့်မြင့်သင်တန်းတွင် ၁၈ ဦး စုစုပေါင်း ၄၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၌ သူငယ်တန်းမှ ပဉ္စမတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ကျော်ဇေယျာဟိန်းအား ကျောင်းအုပ်ဆရာကြီး ဦးအုန်းကျော်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

စဥ့်ကူမြို့ အထက(ခွဲ) အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၇

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ အထက(ခွဲ)တွင် ၁၉၅၄ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းညွန့်က အမှာစကားပြောကြားသည်။ ထို့နောက် ပင်မအလှူရှင် ကျောင်းသားဟောင်း ဦးမြင့်လွင်(မြန်မာ့မီးရထား)က ပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး ကန်တော့ခံဆရာများအား ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြကာ ဆရာဦးကြည်ဝင်း (၈၁)နှစ် **(အပေါ်ပုံ)**က ဩဝါဒစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ (၁၁၃)

ချောက်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ချောက် ဇန်နဝါရီ ၁၇

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်စိန်သည် မကွေးတိုင်းဒေသကြီး ဒုတိယတိုင်း မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဆွေ၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးသိန်းလွင်၊ ချောက်မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်စန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမင်းဇော်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဌေးခိုင်၊ မြို့နယ်စီမံကိန်း ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းလှဲ့၊ မြေစာရင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများနှင့် ကျေးရွာအုပ်စု စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ စုပေါင်း၍ ဒီဇင်ဘာ ၃၁ ရက်က ပခန်းငယ် လျှပ်စစ်မြစ်ရေတင် စိုက်ပျိုးရေးနယ်မြေ ကွင်းအမှတ် (၂၄၃၉-၂၉၁၉)၊ ဦးပိုင်အမှတ် (၃) တောင်သူ ဦးဟန်ကြည်၏ (သင့်)ကိုယ်စားပြု မနော်သုခ စိုက်ခင်း ဧရိယာ ၃ ဒသမ ၃၆ ဧက၌ မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ကြသည်။**(အပေါ်ပုံ)**

ထိုသို့ ရိတ်သိမ်းရာတွင် အဆိုပါစံကွက်မှ စပါးအထွက်နှုန်း တစ်ဧကအခြောက် တင်း ၇၂ ဒသမ ၄၇ တင်း နှုန်းထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၁၈-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၂၀ ၆။ အင်္ဂလိပ်စာသုတ
- ၄:၂၅ ၇။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၄၅ ၉။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၅:၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၈)
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၄။ သူတို့နှင့်သူတို့အကြိုက်
- ၆:၃၀ ၁၅။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၄၇)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ဟာသရုပ်စုံ
- ၂၂။ လျှပ်တစ်ပြက်
- ၂၃။ တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေးများ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၄၇)
- ၂၆။ **Mini Series**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ ကွယ်လွန်သူ ဗိုလ်မှူးကံရှိန်အား ရည်စူး၍ ဇနီး ဒေါ်ခင်လေးသန်း၊ သားသမီးများဖြစ်ကြသော ဦးဆန်းသက်ရှိန်-ဒေါ်သင်းသင်းဆွေ၊ ဦးသက်နိုင်-ဒေါ်မိမိဆန်းရှိန် မိသားစုတို့က ခရမ်းမြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းသို့ မိမိပိုင် ငွေကျပ် သိန်း ၆၀ ကျော်တန် မြေကွက်ကို ဇန်နဝါရီ ၄ ရက်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးတိုးအောင် လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ပြည်တွင်းဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပဘဏ်လုပ်ငန်းများကို ယှဉ်ပြိုင်နိုင်ရန်ကြိုးပမ်း၊ Speakers' Corner ကဏ္ဍ၊ ထားဝယ် ရေနက်ဆိပ်ကမ်း သံမဏိစက်ရုံစီမံကိန်း ထိုင်းနိုင်ငံက အဓိကရင်းနှီးမြှုပ်နှံမည်၊ မြဝတီ-မဲဆောက် နယ်စပ်ဒေသကုန်သွယ်မှုပြန်လည်ဖွံ့ဖြိုးတိုးတက်၊ MC Will ဖုန်းများ လျှောက်ထားရာတွင် ကြားခံပွဲစားမလို စသည့် မျက်နှာဖုံးသတင်းများနှင့် မောင်ဝံသ၊ ထွန်းနေဦး၊ မော်ကျွန်းစိုးမြင့်၊ ဦးအောင်ကျော်ကျော် (ကျန်းမာရေးပညာ)တို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ဖော်ပြ

ထို့ပြင် နှစ်သစ်တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆုမွန်ကောင်းတောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် အကောင်းဆုံးနိုင်ငံ ၂၀ စာရင်း၌ မြန်မာပါဝင်၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှု မြင့်တက်လာ၊ မြန်မာနိုင်ငံနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမြှင့်တင်ရန် အိန္ဒိယလိုလား၊ မြန်မာ-အိန္ဒိယ နယ်စပ်လမ်းများ အဆင့်မြှင့်တင်မှု ယခုနှစ်အတွင်း စတင်ဆောင်ရွက်မည်၊ မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ စက်သုံးဆီများ တိုးမြှင့်တင်ပို့ရန် အင်ဒိုနီးရှား ပါတာမီနာစီစဉ်၊ မြန်မာနိုင်ငံအတွက် ARV ဆေးဝါးများ ၂၀၁၅ ခုနှစ်အထိ ဆက်လက်ထောက်ပံ့မည်၊ သက်ကြီးစာရေးဆရာ ဆရာမများ ဆေးကုသမှုရန်ပုံငွေအဖွဲ့က စာရေးဆရာများအား အခမဲ့ကုသပေးမည်၊ F4 ချစ်သူဇာတ်ကားမှ ကိုရီးယားမင်းသား Kim Bum နှင့် နှင်းပွင့်ဧကရီဇာတ်ကားမှ ကိုရီးယားမင်းသမီး Sung Yuri တို့လာရောက်မည် စသည့် စိတ်ဝင်စားဖွယ်ရာသတင်းများ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက် ထိုင်းရေနံကုမ္ပဏီမှ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မေတ္တာကျေးရွာ၌ ကျင်းပသည့် ထိုင်းနိုင်ငံ PTTEPI ရေနံကုမ္ပဏီက လှူဒါန်းသည့် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကွမ်းခြံကုန်းမြို့နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ PTTEPI ရေနံ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်မေတ္တာကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ PTTEPI ရေနံကုမ္ပဏီမှ Socio Economics Team Leader ဖြစ်သူ Ms. Waewduan Pingmuang က နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ PTTEPI ရေနံကုမ္ပဏီမှ External Relation Manager Mr. Siriphong Fuenglikhit က တပ်ဆင်လှူဒါန်းသည့် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကွမ်းခြံကုန်းမြို့နယ် ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နေရောင်ခြည်စွမ်းအင်သုံးရေတင်စက်လှူဒါန်း လက်ခံရရှိသည့် မေတ္တာကျေးရွာနေ ပြည်သူလူထု ကိုယ်စား ကျေးရွာသား ဦးကျော်ရွှေက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်ကို PTTEPI ရေနံကုမ္ပဏီက ငွေကျပ်သိန်း ၂၄၀ အကုန်ကျခံ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာနနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နေသော PTTEPI ရေနံကုမ္ပဏီက လှူဒါန်းသည့် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်နှင့် စပ်လျဉ်းသည့် စာရွက် စာတမ်းများကို External Relation Manager Mr. Siriphong Fuenglikhit က ကွမ်းခြံကုန်းမြို့နယ် ဥက္ကဋ္ဌ ဦးဝေလင်းထံ လွှဲပြောင်း ပေးအပ်စဉ်။ (စွမ်းအင်)

ဝန်ကြီးဒေါက်တာချမ်းငြိမ်း နေပြည်တော် အထက်တန်းကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အမှတ်(၅)၊ အမှတ်(၆)၊ အမှတ်(၇)၊ အမှတ်(၈)၊ အမှတ်(၉)၊ အမှတ်(၁၀)နှင့် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး စာသင်ခန်းအသီးသီး၌ သင်ကြားသင်ယူနေမှုများနှင့် တက္ကသိုလ်ဝင် ဒုတိယအကြိမ် အကြိုစစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ကျောင်းသားကျောင်းသူများအား ပြည်ထောင်စုစိတ်ဓာတ်ရင့်ကျက် ခိုင်မာသူများ၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ်များ၊ အကျင့်စာရိတ္တကောင်းမွန်သူများ၊ ထူးချွန်ထက်မြက်သူများ ဖြစ်အောင် ကြိုးစားအားထုတ် သင်ယူကြရန် အားပေးတိုက်တွန်းမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ဂုဏ်ပြု လမ်းသစ်များဖွင့်

ထားဝယ်မြို့နယ် ပုံကျွန်းလမ်းထပ်ပိုးကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ရက်က ကျင်းပရာ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးလှမျိုးနှင့် ရပ်မိရပ်ဖ ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် အမှတ် (၅၇)ကတ္တရာလမ်းသစ်ကို ဒီဇင်ဘာ ၃၀ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့ အောင်ရတနာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ ပုသိမ်မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးကိုနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြိတ်မြို့နယ် ဆိပ်ငယ်ရပ်ကွက် ဆိပ်ကမ်းရိုးလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဆိပ်ငယ်ရပ်ကွက်ဥက္ကဋ္ဌ ဦးဌေးမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ် အမှတ်(၄)ရပ်ကွက်နှင့် အမှတ် (၅)ရပ်ကွက်ရှိ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် အမှတ်(၄)ရပ်ကွက်ဥက္ကဋ္ဌ ဦးသန့်ဇင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

◆ *ရှု့ဖုံးမှ*

The Social Network ဇာတ်ကားဟာ အကောင်းဆုံး ဇာတ်ကားဆုအပြင် အကောင်းဆုံး ဒါရိုက်တာဆု၊ အကောင်းဆုံး ဇာတ်ညွှန်းဆုနဲ့ အကောင်းဆုံး တေးဂီတဆုတွေကိုပါ ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။

Glee ဇာတ်ကားကတော့ အကောင်းဆုံး ရုပ်မြင်သံကြား တေးဂီတဆု (TV Musical) နဲ့ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုနှစ်ဆုကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

သရုပ်ဆောင် ကောလင်းဖတ်နှင့် ခရစ္စတီယန်ဘေးလ်တို့အား ဆုများနှင့် အတူတွေ့ရစဉ်။

ရုပ်ရှင်မင်းသား ကောလင်းဖတ် (Colin Firth) ကတော့ သူမျှော်လင့်ထားသလို The King's Speech ဇာတ်ကားမှာ အကောင်းဆုံး သရုပ်ဆောင်ထားပြီး အမျိုးသား သရုပ်ဆောင်ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။

ရွှေကမ္ဘာလုံး ဆွတ်ခူးနိုင်မှု

အကောင်းဆုံး ဇာတ်ကားဆု (ဒရာမာ)အဖြစ် "The Social Network" ရရှိခဲ့ပြီး အကောင်းဆုံး ဇာတ်ကားဆု(ဇာတ်မြူး)ကို The Kids are All Right ဇာတ်ကားတို့က ရရှိခဲ့ပါတယ်။ အကောင်းဆုံး ဒါရိုက်တာဆုကိုတော့ ဒေးဗစ်ဖင်ချာ The Social Network က ရရှိခဲ့ပြီး အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆု (ဒရာမာ)ကို ကောလင်းဖတ်က The King's Speech ဇာတ်ကားနဲ့ ရရှိခဲ့တယ်။ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု(ဒရာမာ)ကို နာတာလီပို့တ်မန်းက Black Swan ဇာတ်ကားနဲ့ ရရှိခဲ့ပြီး အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆု(ဇာတ်မြူး) ကို ပေါလ်ဂျီယာမတ်တီက Barney's Version ဇာတ်ကားမှာ ရရှိခဲ့တယ်။

The Tounst ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆု(တေးဂီတ)ရရှိသည့် အင်ဂျလီနာဂျိုလီကို တွေ့ရစဉ်။

တစ်ဖန် အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု(ဇာတ်မြူး)ကို အန်နက်တီဘီနင်က The Kids are All Right ဇာတ်ကားနဲ့ ရရှိခဲ့ပြီး အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုကို ခရစ္စတီယန်ဘေးလ်က The Fighter ဇာတ်ကားနဲ့ ဆွတ်ခူးရရှိခဲ့ပါတယ်။ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို မီလစ်ဆာလီယိုက The Fighter ဇာတ်ကားနဲ့ ရရှိခဲ့ပြီး The Tounst ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆု (တေးဂီတ)ကို အင်ဂျလီနာဂျိုလီက ရရှိခဲ့တဲ့အပြင် အကောင်းဆုံးဒါရိုက်တာဆုကို အေရွန်နောဖ်စကီးက Black swan ဇာတ်ကားနဲ့ ရရှိခဲ့ကြပါကြောင်း။ ။

ကိုးကား- အင်တာနက်

ရွှေကမ္ဘာလုံး ရုပ်ရှင်ထူးချွန်ဆုရရှိမှုဇယား

သရုပ်ဆောင်အမည် ဒါရိုက်တာအမည်	ဇာတ်ကားအမည်	ဆုအမည်
-	The Social Network	အကောင်းဆုံးဇာတ်ကားဆု(ဒရာမာ)
-	The Kids are All Right	အကောင်းဆုံးဇာတ်ကားဆု(ဇာတ်မြူး)
ဒေးဗစ်ဖင်ချာ	The Social Network	အကောင်းဆုံးဒါရိုက်တာဆု
ကောလင်းဖတ်	The King's Speech	အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆု(ဒရာမာ)
နာတာလီပို့တ်မန်း	Black Swan	အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု(ဒရာမာ)
ပေါလ်ဂျီယာမတ်တီ	Barney's Version	အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆု(ဇာတ်မြူး)
အန်နက်တီဘီနင်	The Kids are All Right	အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု(ဇာတ်မြူး)
ခရစ္စတီယန်ဘေးလ်	The Fighter	အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု
မီလစ်ဆာလီယို	The Fighter	အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု
အေရွန်နောဖ်စကီး	Black Swan	အကောင်းဆုံးဒါရိုက်တာဆု
အင်ဂျလီနာဂျိုလီ	The Tounst	အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု(တေးဂီတ)

(အင်တာနက်)

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဒုတိယအကြိမ်မြောက် အသက်(၈၀)နှင့်အထက် ဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အလှူငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဒုတိယအကြိမ်မြောက် အသက်(၈၀)နှင့်အထက် ဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း တက်ရောက်၍ သက်ကြီးဂီတပညာရှင်ကြီးများအား ကန်တော့ကာ အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဦးမောင်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကန်တော့ခံ အသက်(၈၀)နှင့်အထက် ဂီတပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြို့နယ် ဂီတအစည်းအရုံးများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ အလွှာအသီးသီးမှ ဂီတပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ရုံးအဖွဲ့မှူး ဗဟိုအမှုဆောင် ဦးမျိုးတင့်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

စိုက်ထူထား

ရှေးဦးစွာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးမောင်မောင်လတ်(နောင်)က သက်ကြီးဂီတပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ကျေးဇူးတင်စကား ပြောကြားရာ၌ ယခုနှစ်ကျင်းပသည့် အခမ်းအနားတွင် အလှူရှင်များ၏ စေတနာ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းခဲ့မှုကြောင့် အလှူငွေများ ပိုမိုရရှိခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားမှုနှင့်အညီ သက်ကြီးဂီတပညာရှင်ကြီးများအား နှစ်စဉ် ပူဇော်ကန်တော့ပွဲ ကျင်းပရုံသာမက သက်ကြီးဂီတပညာရှင်ကြီးများ၏ ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှု၊ နွမ်းပါးသူများအား လစဉ်ထောက်ပံ့မှုတို့ဆောင်ရွက်ရန် ဂီတသင်္ဂဟ ရန်ပုံငွေအဖြစ် ငွေပဒေသာပင် စိုက်ထူထားပါကြောင်း၊ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် ယခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ လှူဒါန်းခဲ့ပြီး စာပေပညာရှင်များ၊ ဂီတနှင့် အနုပညာရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့နိုင်ရန်အတွက် ငွေပဒေသာပင်တစ်ခု စိုက်ထူထားကာ နှစ်စဉ်လှူဒါန်းသွားမည့် အစီအစဉ်ကို ကြားသိရ၍ ဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးမောင်မောင်လတ်(နောင်)က အခမ်းအနားသို့ တက်ရောက်လာကြသော အသက်(၈၀)နှင့်အထက် သက်ကြီးဂီတပညာရှင်ကြီးများအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဒေါက်တာကိုကိုလွင်က သက်ကြီး ဂီတပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ

ရှိခိုးကန်တော့

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **မိဘကျေးဇူးဆပ်ဖူးပြီလား** တရားတော်(မဏိရတနာ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၆)
- ၈:၄၀ ၂၀၀၉ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံများ
- ၈:၅၅ သောက်သုံးရေလုံလောက်စွာ ဖြန့်ဖြူးနိုင်ရေး မြို့တော်စည်ပင်အလေးပေး
- ၉:၁၀ Wedding Season ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့
- ၉:၃၀ Cartoon Show Time (Despicable ME)
- ၁၀:၁၀ ၁၉၆၇-၇၁ ပညာသင်နှစ် စီးပွားရေးတက္ကသိုလ်အာစရိယ ပူဇော်ပွဲအခမ်းအနား
- ၁၀:၃၀ Sony & Camera မိတ်ဆက်ပွဲနှင့် ဓာတ်ပုံရိုက်ပြိုင်ပွဲ
- ၁၀:၄၀ Celebrity Style (နဝရတ်)
- ၁၀:၅၅ Activities in the City (Grundfos Lifelink Seminar) အလှအပ
- ၁၁:၂၀ သင်ကြားရေးလမ်းညွှန် (Naruto International Foreign Language & Education Academy)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Ruby Mart ကလေးများ ပျော်ပွဲရွှင်ပွဲ)
- ၁၂:၁၅ ထာဝရမြင့်မားနေမည့် မြတ်ဆရာများ၏ဂုဏ်ရည်
- ၁၂:၄၀ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၆၄-၆၅ ကျောင်းသား ကျောင်းသူများ၏ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲ)
- ၁:၀၀ **မိဘကျေးဇူးဆပ်ဖူးပြီလား** တရားတော်(မဏိရတနာ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ပရိယတ္တိသာသနာ့ဝန်ဆောင် ဆရာတော်ကြီးများအား ပူဇော်ပွဲ နှင့် ဩဝါဒခံယူပွဲ အခမ်းအနား
- ၂:၅၅ တေးဂီတအစီအစဉ်
- ၃:၁၀ ရန်ကုန်မြင်ကွင်းကျယ် (ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၉)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၆)
- ၄:၄၅ Activities in the City (ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနား)
- ၅:၀၀ **The Champion of Dance**
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Wedding Season ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၀)
- ၇:၁၅ Celebrity Choice (L လွန်းဝါ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အနုပညာမိုးကောင်းကင်
- ၈:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၇)
- ၁၀:၁၀ International Show Biz
- ၁၀:၂၅ နာတာရှည်ကျောက်ကပ် အလုပ်မလုပ် (သို့မဟုတ်) အားနည်းရောဂါအကြောင်း (ပါမောက္ခ ဒေါက်တာခင်မောင်ဌေး)
- ၁၀:၅၀ World of Knowledge (Is it Real; King Aurthur)
- ၁၁:၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့်ကိတ်လိပ် ပြုလုပ်နည်း)
- ၁၁:၅၀ Movie Mistakes (Mr & Mrs Smith)
- ၁၂:၁၅ **ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင် မွေးမိခင်** ထွန်းထွန်းဝင်း၊ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၂:၂၅ ဘဝများ (တင်မိုးလွင်)
- ၁၂:၅၅ Man And The Elephant (အပိုင်း ၂)
- ၁:၃၀ နယ်ဥဆန်းထွင်ပန်းအလှဆင် (Diamond ပုံပန်းအိုးထိုးနည်း)
- ၂:၀၅ လွယ်ကူမြန်ဆန်စေရာ....စံမြန်မာ
- ၂:၂၀ Let's Dance (The Uranium Dance Studio)
- ၂:၄၅ **ဘယ်သူ့ကိုအချစ်ဆုံးလဲ** တေဇ၊ ခိုင်ပွင့်၊ မင်းသူ၊ ထွန်းထွန်းအောင်၊ချမ်းသာ [ဒါရိုက်တာ-သုတ(မော်ကွန်း)]
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
- ၄:၂၀ ပြင်ဦးလွင်သို့အလည်တစ်ခေါက်
- ၄:၃၀ ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ)
- ၄:၄၀ သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး(လူမိုက်နှင့်ကင်းချမ်းသာခြင်း)
- ၄:၅၀ ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရှိခိုးကန်တော့

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်စဉ်။

(သတင်းစဉ်)

အတွက် လှူဒါန်းကြသည့် အလှူရှင်များစာရင်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ကန်တော့ချိုးဖြင့် လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက ကန်တော့ခံသက်ကြီးဂီတပညာရှင်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်(ဘင်ဂျိုမောင်မောင်)၊ ဦးတင့်အောင် (ဗိုလ်ကလေးတင့်အောင်)၊ ဦးကျော်ဆန်း(သုခိအောင်)၊ ဒေါ်ကြည်ကြည် (ဟသာ်ကြည်)၊ ဦးလှအောင်(တယောဦးလှအောင်)၊ ဦးမောင်သွင် (တယော ဦးသွင်)နှင့် ဦးလှစိန်တို့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ လှူဒါန်းငွေကျပ် ငါးသောင်းစီနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ လှူဒါန်းငွေများအပါအဝင် စုစုပေါင်း လှူဒါန်းငွေကျပ် နှစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ မြို့တော်ဝန် ၊ ဒုတိယမြို့တော်ဝန် ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ပူဇော်ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်ကြသည်။

ကြိုးပမ်းထမ်းဆောင်

ထို့နောက် ပူဇော်ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများ ကိုယ်စား စာရေးဆရာ၊ ဒါရိုက်တာ၊ ဂီတပညာရှင် ဗိုလ်ကလေးတင့်အောင်က ကျေးဇူးတင်စကားပြောကြားရာ၌ ယနေ့အခမ်းအနားသို့ ကြွရောက်လာကြသူများ၊ အလှူရှင်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြစေရန် ဆုတောင်းမေတ္တာပို့ပါကြောင်း၊ ဂီတအနုပညာရှင်များအနေဖြင့် ဂီတအနုပညာစွမ်းအား မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြသကဲ့သို့ မိမိတို့၏ ဆိုင်ရာဆိုင်ရာ အမျိုးသားရေးတာဝန်များကိုလည်း မလစ်ဟင်းအောင် ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယခုနှစ်တွင် အသက်(၈၀)နှင့်အထက် ပူဇော်ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများ ၄၆ဦးရှိပြီး ယနေ့အခမ်းအနားသို့ ပူဇော်ကန်တော့ခံ သက်ကြီး ဂီတပညာရှင်ကြီး ၃၆ဦး တက်ရောက်ကြသည်။

အခမ်းအနားသို့ မတက်ရောက်နိုင်ကြသည့် ပူဇော်ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ဗဟိုအမှုဆောင်များက အိမ်တိုင်ရာရောက် လိုက်လံကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယမြို့တော်ဝန် ဦးမောင်ပါ ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

မျက်စိနီတိုင်း မျက်စိနာလား

ဒေါက်တာကံညွန့်

ရွှေပြည်သာက အရှင်နာဂသေနဟာ ရခိုင်ကလာပြီး စာသင်နေတဲ့ စာသင်သားကိုရင်လေးပါ။ အသက် (၁၈)နှစ်ပဲရှိပါသေးတယ်။ မျက်စိနီနေတာ တစ်ပတ်ကျော်လောက်ရှိပါပြီ။ ရိုးရိုးမျက်စိနာလို့ထင်ပြီး ရရာဆေးတွေခတ်ပေမယ့် မပျောက်နိုင်ဘဲ နှစ်ပတ်လောက်ကြာသွားပါတယ်။ ကံကောင်းချင်တော့ ကိုရင်လေးသီတင်းသုံးနေတဲ့ကျောင်းကို ရခိုင်ပြည်နယ်က ဒါယကာတစ်ယောက် အလှူလုပ်ရင်းရောက်လာတာပဲ။ မျက်စိနာနေတဲ့ ကိုရင်လေးကို မြင်လိုက်တော့ မျက်စိနီနေတာ နှစ်ပတ်လောက်ရှိပြီ။ မျက်ရည်ပူတွေကျ၊ မျက်စိလည်း တဖြည်းဖြည်း မှုန်လာတယ်ဆိုတာသိတော့ ရိုးရိုးမျက်စိနာတာ မဟုတ်နိုင်ဘူးဆိုပြီး စာရေးသူထံ ခေါ်လာတာဖြစ်ပါတယ်။

ဆေးခန်းကိုရောက်ရောက်ချင်း အမြင်အာရုံကို တစ်ဖက်ပိတ်ပြီး စမ်းလိုက်တော့ နှစ်ပေအကွာက လက်ချောင်းလောက်သာ ရေတွက်နိုင်ပါတော့တယ်။ ဒီထက်ဝေးရင် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့ပါဘူး။ မျက်စိကတစ်ဖက်ပဲနီရဲနေပြီး ကျန်တဲ့မျက်စိတစ်ဖက်က အကောင်းပါ။ နီတဲ့ဘက်ကမျက်စိဟာ မှေးနေပြီး နေပူဒဏ်ကိုမပြောနဲ့ ကျွန်တော်စမ်းလိုက်တဲ့ လက်နှိပ်ဓာတ်မီး အရောင်တောင် မခံနိုင်တော့ပါ။ မျက်လုံးက နည်းနည်းကိုက်ပြီး ခေါင်းက တစ်ချက်တစ်ချက်ကိုက်ကြောင်း ပြောပြပါတယ်။

သေချာစမ်းလိုက်တော့ မျက်စိအတွင်းရောင် ရောဂါလို့ခေါ်တဲ့ (Anterior Uveitis)ရောဂါဖြစ်နေပါတော့တယ်။ မျက်စိအတွင်းရောင်ရောဂါဆိုတာ မျက်ကြည်နာရောဂါ (Corneal Ulcer)၊ မျက်စိ ထောင့်ကျဉ်းရေတိမ်ရောဂါ (Angle Closure Glaucoma)တို့လို ကုတာနောက်ကျရင် မျက်စိကို ချက်ချင်းကွယ်စေနိုင်တဲ့ရောဂါပါ။ မျက်စိအတွင်းမှာရှိတဲ့ သွေးကြောလွှာလို့ခေါ်တဲ့ (UVEAL TRACT) အလွှာ ရောင်ရမ်းပြီးဖြစ်ရတဲ့ရောဂါပါ။

လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး ဘယ်သူမဆိုဖြစ်နိုင်ပြီး မသိမသာ ဖြစ်တတ်လို့ အရေးကြီးတဲ့ရောဂါလို့ ဆိုရမှာပါ။ မျက်ကြည်နာရောဂါတို့၊ ရေတိမ်ရောဂါတို့မှာ လက္ခဏာက သိသိသာသာဖြစ်နေတော့ ဆေးကုဖို့ အချိန်မီရောက်လာတတ်ကြပါတယ်။ ဒါပေမယ့် ဒီမျက်စိအတွင်းရောင်ရောဂါကတော့ မသိမသာဖြစ်နေတာရယ်၊ အများအားဖြင့် မျက်လုံးတစ်ဖက်စီမှာပဲ အဖြစ်များတတ်လို့ တစ်ဖက်မျက်စိက မြင်နေရတာရယ်ကြောင့် ဆေးကုဖို့ အရောက်နောက်ကျတတ်ကြပါတယ်။ ဒါကြောင့် ဒီရောဂါအကြောင်း အများသိနိုင်ဖို့ ရေးလိုက်ရတာပါ။

ဒီရောဂါဖြစ်ရင် -

(၁) မဖြစ်ခင်တစ်ပတ် သို့မဟုတ် (၃/၄)ရက်လောက်မှာ မျက်စိ ခိုးလိုးခုလုနှင့် မျက်ရည်ပူတွေ ကျတတ်ပါတယ်။

(၂) အများအားဖြင့် မျက်စိတစ်ဖက်သာ ဖြစ်တတ်ပါတယ်။

(၃) ဒီလိုဖြစ်ပြီး မကြာခင်မှာ မျက်စိနီ၊ မျက်ရည်ပူကျ၊ မျက်စိ နေရောင်မကြည့်နိုင်ခြင်းတို့ ဖြစ်လာတယ်။

(၄) ဒါပြီး (၃/၄)ရက်လောက်နေတော့မှ မျက်စိဟာ တဖြည်းဖြည်း မှုန်ဝါးလာပါတယ်။

(၅) မျက်စိမှုန်လာတာနှင့်အမျှ မျက်စိအနည်းငယ် အောင့်ခြင်း၊ ဖြစ်တဲ့ဘက်က အနည်းငယ် ကိုက်ခြင်းဖြစ်တတ်ပါတယ်။ (သိပ်အပြင်းအထန်မဟုတ်ပါဘူး၊ ရေတိမ်ဖြစ်သလောက် ကိုက်တာအောင့်တာ မခံမရပ်နိုင်အောင် မဖြစ်ပါဘူး) ဒါကြောင့်လဲ ဆရာဝန်ထံလာပြဖို့ ကြာတတ်ကြတာပါ။

(၆) ဒီကမှ တဖြည်းဖြည်း တစ်ရက်ထက်တစ်ရက် မှုန်လာတာဟာ ၁၀ရက်မှ နှစ်ပတ်အတွင်းလောက်မှာ လက်ချောင်းလေး သို့မဟုတ် မီးရောင်လောက်သာ မြင်နိုင်တဲ့အဆင့် ရောက်တော့တာပါပဲ။

(၇) အဲဒီ မျက်စိအတွင်းရောင်ရောဂါ ဖြစ်နေတဲ့လူကို ကြည့်လိုက်ရင် ရောဂါဖြစ်တဲ့ မျက်စိဘက်က ကောင်းတဲ့ဘက်ထက် မှေးနေပြီး မျက်ရည်ပူလေးတွေ ကျနေတတ်ပါတယ်။ ဒါဟာ အပြင်ပန်းက ကြည့်လိုက်ရင် သိသာပါတယ်။ မျက်စိ ရိုးရိုးနာမှာ မျက်စိမမှေးပါဘူး။ ရိုးရိုးမျက်စိနာဆိုရင် တစ်ဖက်ဖြစ်ရင် နောက်တစ်ဖက်ကပါ ပြိုင်တူလို ဖြစ်တတ်ပါတယ်။ မျက်စိလည်း မှုန်မသွားပါဘူး။

ဒီလိုလက္ခဏာတွေဖြစ်နေရင် မျက်စိအတွင်းရောင်ရောဂါဆိုတာ သေချာသလောက်ဖြစ်နေပါတယ်။ နီးစပ်ရာမျက်စိကုဌာနကို အမြန်ဆုံးသွားပြဖို့လိုပါတယ်။ မပြရင် မျက်စိမှာ (pupil) လို့ခေါ်တဲ့ မျက်စိသူငယ်အိမ်အပေါက်ပိတ်သွားပြီး လုံးဝမမြင်ရတဲ့အဆင့် ရောက်သွားနိုင်ပါတယ်။ ဒီအခြေအနေကျရင် ကောင်းအောင်ပြန်ကုဖို့ဆိုတာလဲ ခက်ခဲလှပါတယ်။ ဒီရောဂါမျိုး ဘယ်သူ့မှာမဆိုဖြစ်နိုင်ပြီး အများအားဖြင့် အောက်ပါရောဂါတွေ ရှိနေသူမှာ ပိုဖြစ်တတ်ပါတယ်-

၄င်းရောဂါတွေကတော့ -

(၁) အဆစ်အမြစ်ရောင်ရောဂါ (Rheumatoid Arthritis)

(၂) ကျောရိုးအဆစ်ရောင်ရောဂါ(Ankylosing Spondylitis)

(၃) ပါးစပ်နှင့်လိင်အနာရောဂါ (Bchcet's Syndrome)

(၄) တီဘီ ခေါ် အဆုတ်ရောင်ရောဂါ

(၅) ဆစ်ဖလစ်၊ အေအိုင်ဒီအက်စ်ရောဂါ

(၆) ဆာကွိုက်ဒိုးဆစ်(Sarcoidosis)ရောဂါ

(၇) ကိုယ်ခန္ဓာတစ်နေရာရာ၌ ရောဂါပိုး (Source) တစ်ခုခု ရှိနေသူများ(ဥပမာ Tooth Abscess, Lung Abscess, Liver Abscess)

(၈) မျက်စိရေတိမ်၊ အတွင်းတိမ်၊ ထိခိုက်ဒဏ်ရာ ခွဲစိတ်ခံထားရသူများ

(၉) မျက်လုံးတစ်ဖက်တွင် ပေါက်ပြဲဒဏ်ရာရဖူးသူများ (ယင်းလူများတွင် ထိခိုက်ဒဏ်ရာရ မျက်စိတွင်သာ မျက်စိအတွင်းရောင်ရောဂါရနိုင်သည်ထက် Sympathetic Ophthalmits ခေါ် အကောင်းမျက်စိတွင်ပါ အတွင်းရောင်ရောဂါ ရနိုင်သဖြင့် အထူးသတိထားသင့်ကြပါတယ်။)

စတဲ့ ရောဂါတွေရှိတဲ့လူတွေမှာ ပိုဖြစ်တတ်ကြပါတယ်။ ဒီရောဂါဖြစ်လာရင် မျက်စိကွယ်ရတဲ့အကြောင်းက -

(၁) မျက်စိသူငယ်အိမ်ပေါက် ကျဉ်းသွားပြီး မျက်သူငယ်အိမ်ပေါက် ပိတ်သွားရခြင်း၊

(၂) ရောင်ရမ်းရာကထွက်လာတဲ့ ချွဲရည် (Exudate)တွေ မျက်စိအထဲက Structure တွေမှာကပ်ပြီး ထပ်ဆင့်ရေတိမ်ရောဂါ၊ အတွင်းတိမ်ရောဂါတွေဖြစ်လာခြင်း၊

(၃) မျက်စိအတွင်းရောင်ရမ်းမှုဟာ မျက်စိတစ်ခုလုံး ပျံ့နှံ့သွားပြီး Endophthalmitis, Panophthalmits လို့ခေါ်တဲ့ မျက်စိတစ်ခုလုံးရောင်ရမ်းသွားတဲ့ ရောဂါရခြင်း၊

(၄) နောက်ဆုံးအနေနဲ့ ရောင်ရမ်းမှုကြာတဲ့အခါ Phthisis လို့ခေါ်တဲ့ မျက်စိတစ်ခုလုံး ပိန်ချုံးရှုံ့တွပြီး ဘယ်လိုမှ ပြန်ကုလို့မရနိုင်တဲ့ အခြေအနေမျိုးရောက်သွားရခြင်းတို့ ဖြစ်တတ်ပါတယ်။

ဒါကြောင့် ဒီရောဂါမျိုးနဲ့ ရောက်လာတဲ့သူတွေကို မျက်သူငယ်အိမ်ပေါက်ပိတ်မသွားအောင် (Atropine, Homatropine, Mydracil) လို့ခေါ်တဲ့ မျက်သူငယ်အိမ်ကျယ်တဲ့ ဆေးတွေကို အချိန်မီ ချက်ချင်းခတ်ပေးရပါတယ်။ နောက်ပြီး Inflammation ကြောင့် ထွက်လာတဲ့ Exudate ကို လျော့နည်းသွားဖို့ steroid ပါတဲ့ မျက်စဉ်းကို အနည်းဆုံး တစ်နာရီတစ်ခါ အကြိမ်များစွာ ခတ်ပေးရပါတယ်။ ဒီဆေးနှစ်မျိုးစလုံးဟာ သာမန် လူတွေအတွက် ဆရာဝန်မညွှန်ကြားဘဲ မသုံးသင့်တဲ့ ဆေးတွေပါပဲ။ ဒါကြောင့် ဆရာဝန်နဲ့ပြပြီး လိုမှသုံးရတဲ့ ဆေးတွေဖြစ်လို့ ဆရာဝန်ကိုပြပြီးမှ သုံးသင့်ပါတယ်။ (ဆေးမြီးတိုတွေဟာ ဒီရောဂါမှာ ဘာမှအကျိုးမသက်ရောက်ပါဘူး။) ဒါကို သတိထားဖို့ အထူးလိုအပ်ပါတယ်။

အဲဒီလိုပဲ အခု ရွှေပြည်သာက အရှင်သာမဏေလေးကိုလဲ လိုအပ်တဲ့ ကုသမှုတွေပေးပြီး တစ်ပတ်အကြာ ပြန်ကြည့်လိုက်တော့ မျက်စိအမြင်ဟာ ပေ ၂၀ အကွာက စာတန်းလေးတန်းကို ဖတ်နိုင်တဲ့အထိ ပြန်ကောင်းခဲ့ပါပြီ။ နောက်တစ်ပတ် နှစ်ပတ်လောက်ဆိုရင် အောက်ဆုံးအကြောင်းထိ မြင်နိုင်တော့မှာပါ။ ဆရာကယ်လို့သာ ကျွန်တော့်မျက်စိပြန်ကောင်းခဲ့တာလို့ မိန့်တော့ ကျွန်တော်က တပည့်တော်ချည်း မဟုတ်ပါဘူး အရှင်ဘုရား။ ဒီဒကာကြီးက အချိန်မီ ကိုရင်လေးကို ပင့်လာလို့သာ ကုသမှုမီလို့ ကောင်းရတာပါ။ ဒါကြောင့် ဒီဒကာကြီးကိုပဲ ကျေးဇူးတင်ပါလို့ ပြန်ပြောလိုက်ရပါတယ်။

နောက်ပြီး တကယ်လို့ နောက်တစ်ခါ ဒီလိုမျိုးထပ်ဖြစ်ရင်တော့ ဆရာ့ထံ စောစောလာဖို့နဲ့ နောက်တစ်ခါပြန်ဖြစ်ရင် ရောဂါအခံဇာစ်မြစ်ကို ရှာရတော့မယ်လို့ ပြောလိုက်ရပါတယ်။

ဒါကြောင့် မျက်စိနီတိုင်း မျက်စိနာထင်ပြီး မပေါ့ကြပါနဲ့၊ မျက်စိနီတယ် Antibiotic ပါတဲ့ မျက်စဉ်းတွေခတ်ကြည့်လို့ သုံးလေးရက်နှင့် မပျောက်ဘူးဆိုရင် မျက်စိကို ကောင်းတဲ့ဘက်ပိတ်ပြီး နာတဲ့မျက်စိနဲ့ စမ်းကြည့်ပါ။ မျက်စိမှုန်သွားပြီဆိုရင်တော့ မျက်စိဌာန မြန်မြန်ပြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်ပေးနေသည့် ပစ္စည်းများ ရွှေတောင်ကုမ္ပဏီလီမိတက်မှပါဝင်ပြသခဲ့

နေပြည်တော် ဇန်နဝါရီ ၁၇

တတိယအကြိမ် ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေအားလျှပ်စစ်အခြေစိုက်ဝင်းအတွင်းရှိ ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန ရဲရွာခန်းမ၌ ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပခဲ့သည်။

ပါဝင်ပြသ

ထိုသို့ကျင်းပရာတွင် ရွှေတောင်အုပ်စု ကုမ္ပဏီများဖြစ်ကြသော High Tech Concrete Technology Co., Ltd.၊ Octagon International Co., Ltd. ၊ Octagon International Services Co., Ltd. တို့ကလည်း ရေအားလျှပ်စစ်စီမံကိန်းများတွင် အသုံးပြုသော လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်သည့် Products များကို ပါဝင်ပြသခဲ့သည်။

ဝန်ဆောင်ပေး

ရွှေတောင်အုပ်စုကုမ္ပဏီများ အနေဖြင့် C.V.C နှင့် R.C.C (Roller Compacted Concrete) ကွန်ကရစ်နှင့် ကျောက်ကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် အင်္ဂလန်နိုင်ငံနည်းပညာဖြင့် မလေးရှားနိုင်ငံ၌ ထုတ်လုပ်သော " Fosrc " Brand နှင့် USA နည်းပညာဖြင့် ထုတ်လုပ်သော " Grace " Brand ကွန်ကရစ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး အဆင့်မြင့် Chemical များဖြစ်သည့် Admixture Industrial Floor Hardening and paints၊ Waterproofing Chemicals များ၊ Concrete repair and maintaince chemical ပစ္စည်းအမျိုးအစား စုံလင်စွာ တင်သွင်းရောင်းချပေးလျက်ရှိပြီး လိုအပ်သောအသုံးပြုမှု နည်းစနစ်များကို စနစ်တကျအသုံးပြုနိုင်သည်အထိ ဝန်ဆောင်ပေးခြင်းနှင့် Application Team များဖြင့်လည်း လုပ်ငန်းခွင်အရောက် ဆောင်ရွက်ပေးခြင်းများ ဝန်ဆောင်ပေးလျက်ရှိကြောင်းသိရသည်။

တတိယအကြိမ် ရေအားလျှပ်စစ် ဖွံ့ဖြိုးမှုဆိုင်ရာ စာတမ်းဖတ်ပွဲတွင် ပေါင်းလောင်းရေအားလျှပ်စစ်အခြေစိုက်ဝင်းအတွင်းပြခန်း၌ ရွှေတောင်အုပ်စုကုမ္ပဏီက ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်ပေးနေသည့် ပစ္စည်းများကို ဤသို့ ပါဝင်ပြသခဲ့သည်။ (သတင်းစဉ်)

ထို့အပြင် တည်ဆောက်ရေးလုပ်ငန်းခွင်သုံး ဂျာမနီနိုင်ငံထုတ် LIEBHERR Brand Escavator၊ Wheel Loader ၊Dozer ၊ Mobile & Tower Crane များ၊ Foundation Machine Duty Cycle Crane များ၊ Batching Plant များနှင့် AG Truck Mixer များကိုလည်း တင်သွင်းရောင်းချပေးနေသည့်အပြင် ဆွီဒင်နိုင်ငံထုတ် Truck & Bus အမျိုးအစားများကိုလည်း Warranty တစ်နှစ် သို့မဟုတ် နာရီ ၂၀၀၀အထိ လည်ပတ်အသုံးပြုနိုင်ရေး ဝန်ဆောင်မှုများကို ဝယ်ယူသူစိတ်တိုင်းကျ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်သွယ်မေးမြန်းနိုင်

လုပ်ငန်းများဆောင်ရွက်လိုပါက Octagon International Co., Ltd. အလုံတာဝါ ကမ်းနားလမ်း River View Garden အိမ်ရာ အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၆၅၇၄ နှင့် ၀၁-၂၁၁၄၃၀-ext-၁၂၂ ဖက်စ်-၀၁-၂၂၇၇၁၆၊ Octagon International Services Co., Ltd. အမှတ် ၁၉၅၁ ဗိုလ်ချုပ်လမ်း လှိုင်သာယာမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၆၈၇၈၆၆နှင့် ၀၁-၆၈၇၈၆၇၊ဖက်စ်၀၁-၆၈၇၈၆၈၊ High Tech Concrete Technology Co., Ltd. အမှတ် ၅၈၄ ကမ်းနားလမ်းနှင့် (၇)လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၇၇၀၅နှင့် ၀၁-၂၂၇၇၀၆တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇေယျာရွှေမြေ ကိုးမြိတ်နိုင် ရတနာပုံ FC သရေကျစေ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၁၇

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၁)ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့မှာ ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေနိုင်ပွဲရခဲ့ပြီး ရက္ခပူရယူနိုက်တက်နှင့် ရတနာပုံ FC တို့ သရေကျသွားပါတယ်။

ရတနာပုံတိုက်စစ်မှူး အက်စလေ ဂိုးသွင်းရန် ကြိုးစားနေစဉ်။

(သုဝဏ္ဏကွင်း)

ရက္ခပူရယူနိုက်တက် - တစ်ဂိုး
ရတနာပုံ - တစ်ဂိုး

၂၀၁၁ MNL ပြိုင်ပွဲကို အသင်းသစ်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့တဲ့ ရခိုင်ပြည်နယ်ကိုယ်စားပြု ရက္ခပူရယူနိုက်တက် အသင်းကတော့ အဖွင့်ပွဲစဉ်မှာပဲ မထင်မှတ်တာတွေ လုပ်ပြသွားပါတယ်။မိနစ် ၇၀ ကျော်အထိ တစ်ဂိုးအသာနဲ့ ဦးဆောင်နိုင်ခဲ့ပြီး ပယ်နယ်တီနဲ့ ချေပဂိုးပေးခဲ့ရလို့သာ အနိုင်နဲ့လွဲ သွားရတာပါ။ ဇော်ဝတီ ကစားသမားဟောင်း စတန်လေ၊ နေပြည်တော် ကစားသမားဟောင်း မာတင်တို့သာပါဝင်ပြီး MNLအတွေ့အကြုံရှိသူ အောင်ဇော်မျိုး၊ သက်နိုင်စိုးတို့သာ ပါဝင်ခဲ့တဲ့ ရက္ခပူရ ယူနိုက်တက်အသင်းဟာ ပရိသတ်တွေရဲ့ တစ်ခဲနက်အားပေးမှုနဲ့အတူ ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာပါ။

(အောင်ဆန်းကွင်း)

ဇေယျာရွှေမြေ - ခြောက်ဂိုး
ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

၂၂-၁-၂၀၁၁

(ဗထူးကွင်း)

ရတနာပုံF.C - ရန်ကုန်ယူနိုက်တက်

(သုဝဏ္ဏကွင်း)

နေပြည်တော် - မကွေးF.C

(အောင်ဆန်းကွင်း)

ဇွဲကပင် - ကမ္ဘောဇ

တတိယအကြိမ် ဒဂုံရွှေအောင်လံပြိုင်ပွဲကြီး ကျင်းပပြီးစီး စောမန်းက ဖိုးကေကို အနိုင်ယူ၍ တတိယမြောက် အောင်လံဆွတ်ခူး

ဓာတ်ပုံနှင့် သတင်းမြင်ကွင်း ဇင်လင်းထွန်း(ဓနုဖြူ)

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ်က ကြီးမှူး၍ ဒဂုံဗျူရိုကုမ္ပဏီလီမိတက်၏ အဓိကမတည်ပံ့ပိုးမှုဖြင့် H & S Group မှ ဦးငွေဝင်းနှင့် ဦးစိုင်းဇော်ဇော်တို့ တာဝန်ယူစီစဉ်သည့်တတိယအကြိမ် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီး (၂၀၁၁) အောင်လံဗိုလ်လုပွဲများကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ အလွတ်တန်း ဒဂုံရွှေအောင်လံအတွက် လက်ရှိ ထပ်ဆင့်အောင်လံဆုရှင် စောမန်း (Ever Green)က ဖိုးကေ(မန္တလေး)ကို အမှတ်ဖြင့်၊ ဒုတိယတန်း ဒဂုံရွှေအောင်လံအတွက် ရွှေခါးပတ်ချန်ပီယံ သတ္တိအောင် (တောင်ကလေး)က ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း (မျိုးဆက်သစ်)ကို အလဲထိုးဖြင့် အောင်လံရယူခဲ့ကြသည်။ အထူးဒဂုံရွှေအောင်လံကို ပြိုင်ဘက် လုံးချောလေး ပွဲမဝင်လာသဖြင့် စိုးလင်းဦးက ရရှိသွားသည်။

အလဲထိုးအနိုင်ယူ

စိုးလင်းဦးသည် အောင်လံမလုရသော်လည်း အထူးစိန်ခေါ်ပွဲအဖြစ် ဒေါနအောင် (အဖြူရောင်သွေးသစ်)နှင့်ယှဉ်ပြိုင်ထိုးသတ်ရာ ငယ်ဂုဏ်နှင့်သက်လုံအသာစီးယူ၍ တတိယအချီမှ တိုက်စစ်မြှင့်နိုင်ခဲ့သည်။ ဒေါနအောင်က ကြိုးဝိုင်းသမ္မာဖြင့် သရေပွဲရရန် ထိန်းသွားနိုင်သည်။ ဒုတိယတန်းဒဂုံရွှေအောင်လံ ဗိုလ်လုပွဲတွင် သတ္တိအောင်က ဆုတ်လမ်းရှေ့လမ်းများကိုပိတ်ကာ အနီးကပ်တိုက်စစ်ဖွင့်သောကြောင့် ထောင့်ပိတ်မိသော စိုးမိုးဟိန်း ပထမအချီ၌ အမှတ်စဉ်အရေခံရပြီး ဒုတိယအချီ ၂ မိနစ် ၄၉ စက္ကန့်တွင် ဘယ်ဒူးဖြင့် ပွဲသိမ်းခံလိုက်ရသည်။ ဒုတိယတန်း ဒဂုံရွှေအောင်လံဆုရှင် သတ္တိအောင်သည် ဇန်နဝါရီ ၉ ရက်က တောင်ကလေးက ကရင်နှစ်သစ်ကူးပွဲတွင် မွေထိုင်းကုံဆရမ်းကို တတိယအချီ၌ အလဲထိုး အနိုင်ယူခဲ့သေးသည်။

အနိုင်ပေး

အလွတ်တန်း ဒဂုံရွှေအောင်လံဗိုလ်လုပွဲတွင်လက်ရှိ ထပ်ဆင့်အောင်လံဆုရှင်စောမန်းက ဖိုးကေကို တတိယအချီအထိ အပူးအချုပ်များဖြင့် အသာစီးယူနိုင်ခဲ့သည်။ ဖိုးကေသည် ၄င်းအားကိုးသော ဝိုက်တွဲလက်သီးထိုးခွင့်မသာဘဲ စောမန်း၏ လျှပ်တစ်ပြက် တစ်လုံးကောင်းလက်သီးဖြင့် ပစ်ထိုးပြီး အတင်းဝင်ကပ်၍ ချုပ်လှည့်ဆွဲပစ်ခြင်း၊ ခြေကန့်လန့်လှဲ၍ ဖိချခြင်း၊ ဒေါတိုက်ပွတ်ချခြင်း၊ ကိုင်ပေါက်ခြင်းစသည်တို့ဖြင့် သတ်ကွက်ထဲ၌ မျောပါနေခဲ့ရသည်။ သို့ရာတွင် စောမန်းသည်ရှေ့သုံးချီ၌ အမှတ်သဲ့ယူထားနိုင်ပြီး ဖိုးကေကလည်း သတ်ကွက်မပေါ်ခဲ့သဖြင့် ဒိုင်ငါးဦးစလုံးက စောမန်းကို အနိုင်ပေးလိုက်ရသည်။ ပြိုင်ပွဲသုံးကြိမ်တွင် အောင်လံရရှိသော လက်ဝှေ့သမားအဖြစ် စောမန်းတစ်ဦးတည်းစာရင်းဝင်သွားသည်။

လေးချီပွဲများတွင် အောင်သူရိန် (အဖြူရောင်သွေးသစ်)နှင့် ဖိုးလပြည့် (Ever Green)၊ စိုးမိုးအောင် (တောင်ကလေး)နှင့် သားစန်းနိုင်(နိုင်ခရာ)တို့ သရေပွဲ၊ ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)က စောသာဖို (တောင်ကလေး)ကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။ ငါးချီပွဲများတွင် သားကျောင်းသား (တောင်ကလေး)က စောသဲမင်း (မိုးသောက်ကြယ်)ကို ဒုတိယအချီ ၂ မိနစ် ၂၄ စက္ကန့်၌ ညာပင့်လက်သီးဖြင့် အလဲထိုးသကဲ့သို့ ရန်ဆက်နိုင် (တောင်ကလေး)ကလည်း မိုက်ခဲကျောက်ပွင့် (နိုင်ခရာ)ကို ပထမအချီ ၂ မိနစ် စက္ကန့် ၄၀တွင် ညာပင့်လက်သီးဖြင့်ပင် ပွဲသိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

ထပ်ဆင့် ဒဂုံရွှေအောင်လံဆုရှင်

ထပ်ဆင့်ဒဂုံရွှေအောင်လံဆုရှင် စိုးလင်းဦးနှင့် စီစဉ်သူ စိုင်းဇော်ဇော်တို့အား တွေ့ရစဉ်။

မြတ်ဆရာ ပူဇော်ပွဲကျင်းပမည်

ပဲခူး ဇန်နဝါရီ ၁၇

ပဲခူးမြို့ ယခင် အထက(၅) (ဆရာကြီးဦးသာဒင်အထူးသဒ္ဒါသင်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်ဆုံတွေ့ပွဲကို ဖေဖော်ဝါရီ ၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ပဲခူးမြို့ ဥသာမြို့သစ် ကျိုက်ပွန်လေးမျက်နှာဘုရား အနောက်ဘက်ရှိ ချမ်းမြေ့ရိပ်မြိုင်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ဦးလှငွေ ဖုန်း-၀၉-၈၆၅၁၅၀၇၊ ဦးတောက်ထွန်း ဖုန်း-၀၉-၅၃၀၁၃၇၀၊ ဦးစိုးရှိန် ဖုန်း-၀၉-၅၃၀၂၃၃၄၊ ဦးတင်ထွန်း ဖုန်း-၀၉-၈၆၅၂၂၇၅၊ ဒေါ်ခင်မို့မို့နီ ဖုန်း-၀၅၂-၂၁၉၅၁နှင့် ဒေါ်စုစုဝေ ဖုန်း-၀၅၂-၂၀၀၃၀၂တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (၁၃၂)

ကန့်ဘလူမြို့ တပင်ရွှေထီးလမ်း တိုးချဲ့ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ဂျပန်အသင်း ၁၀၀၀ မြောက်ဂိုး ဟွန်ဒါသွင်းယူ

ဒိုဟာ ဇန်နဝါရီ ၁၇

ဂျပန်ကွင်းလယ်ကစားသမား ဟွန်ဒါသည် အာရှဘောလုံးပွဲ အုပ်စုပွဲစဉ်အဖြစ် ဂျပန်နှင့်ဆီးရီးယားတို့ပွဲတွင် ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူခဲ့ရာ ယင်းဂိုးသည် ဂျပန်ဘောလုံးအသင်း၏ နိုင်ငံတကာဂိုးပေါင်း ၁၀၀၀မြောက်ဂိုး ဖြစ်ခဲ့သည်။

အသက် ၂၄ နှစ်အရွယ်ရှိ ဟွန်ဒါသည် စီအက်စ်ကေအေမော်စကိုအသင်းတွင် ကွင်းလယ်ကစားသမားအဖြစ် ကစားနေသူဖြစ်သည်။ **(ဓာတ်ပုံ)** ဂျပန်အသင်း၏ နိုင်ငံတကာ ပထမဆုံးဂိုးမှာ ၁၉၂၃ ခုနှစ်က ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌ ရှီမီဇူက သွင်းယူခဲ့သည့် ဂိုးဖြစ်သည်။ **(အင်တာနက်)**

လန်ဒန်အိုလံပစ်ပြိုင်ပွဲလက်မှတ်များ မတ်လတွင်ရောင်းချမည်

လန်ဒန် ဇန်နဝါရီ ၁၇

၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက် လက်မှတ်များ**(အောက်ပုံ)**ကို ၂၀၁၁ မတ်လ ၁၅ ရက်တွင် ရောင်းချသွားမည်ဖြစ်ကြောင်း လန်ဒန်အိုလံပစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီက ဇန်နဝါရီ ၁၆ ရက်တွင်အတည်ပြု ပြောကြားသည်။

အိုလံပစ်ပြိုင်ပွဲအတွက် လက်မှတ်များကို သီတင်းခြောက်ပတ်ကြာ ရောင်းချပေးသွားမည်ဖြစ်ပြီး လာမည့် ဧပြီ ၂၆ ရက်တွင် လက်မှတ်အရောင်းပိတ်မည်ဖြစ်သည်။ ရောင်းချရန် လက်မှတ်မလုံလောက်နိုင်သောကြောင့် မဲခွဲစနစ်နှင့် ရောင်းချရန် စီစဉ်ထားသည်။

စာရင်းပေးသွင်း

သီတင်းခြောက်ပတ်အတွင်း အချိန်မရွေးလက်မှတ်ဝယ်ယူရန် လျှောက်ထားနိုင်ပြီး အရင်လျှောက်ထားသူတိုင်းလည်း လက်မှတ်ရနိုင်မည်မဟုတ် ပေ။ ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ လက်မှတ်ဝယ်ယူရန်အတွက် စောင် ရေနှစ်သန်းကြိုတင်စာရင်း ပေးသွင်းထားပြီဖြစ်သည်။

လျှောက်ထားနိုင်

လက်မှတ်ဝယ်ယူရန် မည်သို့လျှောက်ထားရမည်ကို(WWW tickets London 1202 .com)တွင် ဖော်ပြထားပြီး ထိုကဲ့သို့ ကြိုတင်စာရင်းပေးသွင်းသူများသည် မိမိ၏ ကိုယ်ရေးရာဇဝင်နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထည့်သွင်း၍ လက်မှတ်ဝယ်ယူရန် လျှောက်ထားနိုင်သည်။ **(အမ်အင်န်အေ၊ဆင်ဟွာ)**

ကွင်းလယ်ကစားသမား မာကွန် ဗီလာစာချုပ်မည်

လန်ဒန် ဇန်နဝါရီ ၁၇

ကင်မရွန်းနှင့် လိုင်ယွန်အသင်း ကွင်းလယ်ကစားသမား မာကွန်ကို ဗီလာအသင်းက သုံးနှစ်ခွဲ စာချုပ်ချုပ်ဆိုခေါ်ယူရန်အသင့်ဖြစ်နေပြီဟု ဗီလာအသင်းက ဇန်နဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ မာကွန်**(ယာပုံ)**နှင့် မိမိတို့သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း၊ အတွေ့အကြုံရှိပြီး ထူးချွန်သည့် ဘောလုံးသမားတစ်ဦးအား ခေါ်ယူရန် မိမိတို့ထိုက်တန်သင့်သည့် ငွေကြေးပေးရမည်ဖြစ်ကြောင်း ဗီလာအသင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

အင်္ဂလန်နှင့်ဂါနာအသင်း ချစ်ကြည်ရေးပွဲကစားမည်

လန်ဒန် ဇန်နဝါရီ ၁၇

အင်္ဂလန်ဘောလုံးအသင်းသည် ဂါနာဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပွဲကစားရန် စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ဇန်နဝါရီ ၁၆ ရက်၌ ပြောကြားသည်။

အင်္ဂလန်နှင့် ဂါနာဘောလုံးအသင်းတို့သည် လန်ဒန်မြို့ ဝင်ဘလေအားကစားကွင်း၌ လာမည့်မတ်လ ၂၉ ရက်တွင် ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၁၂ခုနှစ် ခြေစစ်ပွဲအဖြစ် ဝေလအသင်းနှင့် ကစားပြီးသုံးရက်အကြာ၌ ဂါနာအသင်းနှင့် ကစားမည်ဖြစ်သည်။ အင်္ဂလန်နှင့် ဂါနာအသင်းတို့၏ ယခုပွဲသည် နှစ်သင်းဆုံတွေ့မှု၌ ပထမဆုံးအကြိမ်ပင်ဖြစ်သည်။

သို့သော် အင်္ဂလန်အသင်းသည် လာမည့်ဇွန်လတွင် ထိုင်းအသင်းနှင့် ချစ်ကြည်ရေးပွဲကစားရန်စီစဉ်ထားမှုမှာ ကစားနိုင်တော့မည် မဟုတ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။ **(အင်တာနက်)**

ဗီလာရီးရဲ နောက်ခံလူ လိုပက်ဇ် ဒူးဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရမည်

ဗီလာရီးရဲ အသင်း၏ ညာနောက်ခံလူ အင်ဂယ်လိုပက်ဇ်။

မက်ဒရစ် ဇန်နဝါရီ ၁၇

စပိန်ကလပ်ဗီလာရီးရဲအသင်း၏ ညာနောက်ခံလူအင်ဂယ်လိုပက်ဇ်သည် ဒူးဒဏ်ရာရရှိမှုကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရမည် ဖြစ်ကြောင်း ဗီလာရီးရဲကလပ်က ဇန်နဝါရီ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ခွဲစိတ်ကုသ

လိုပက်ဇ်သည် ရီးရဲမက်ဒရစ်အသင်းနှင့် ဗီလာရီးရဲအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲ၌ ဒူးဒဏ်ရာပြင်းထန်စွာ ရရှိပြီး ခွဲစိတ်ကုသမှုခံခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဘာစီလိုနာမြို့၌ ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူခဲ့ပြီး အချိန်ကာလရှည်စွာ အနားယူရဖွယ်ရှိသည်။

လိုပက်ဇ်သည် ၂၀၁၁-၂၀၁၂ခုနှစ် ဘောလုံးရာသီအစ၌သာ ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း၊ ယင်းအချိန်ရောက်မှသာ ဒဏ်ရာပျောက်ကင်းနိုင်မည်ဖြစ်ကြောင်း ဗီလာရီးရဲကလပ်က သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ရှုံးပွဲမရှိစံချိန် မန်ယူ ဆက်ထိန်းမည်

လန်ဒန် ဇန်နဝါရီ ၁၇

ပရီမီယာလိဂ်ပွဲစဉ်(၂၃)တွင် အဝေးကွင်း၌ စပါးအသင်းနှင့် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည့် မန်ယူအသင်းမှာ ယခုနှစ် ပရီမီယာလိဂ်ဘောလုံးရာသီ၌ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းနိုင်ဆဲဖြစ်ပြီး ရာသီကုန်အထိ ယင်းမှတ်တမ်းကို သယ်ဆောင်သွားမည်ဟု ဖာဂူဆန်က ပြောကြားသည်။

မန်ယူအသင်းတွင် ရွန်နေ၊ ဗန်ဒါဆားနှင့် ဗီဒစ်တို့လည်း ဒဏ်ရာရရှိထားရာမှ သက်သာပြီး ပြန်လည်ပွဲထွက်ကစားနေပြီဖြစ်ရာ ပွဲတိုင်းရလဒ်ကောင်းများရရှိအောင် အင်အားတောင့်တင်းနေပြီ ဖြစ်သည်။ စပါးနှင့်ပွဲတွင် မန်ယူတို့ ဂိုးမသွင်းနိုင်ခြင်းမှာ စပါးနောက်ခံလူများနှင့် ဂိုးသမားတို့ကြောင့်ဖြစ်ပြီး မန်ယူ တိုက်စစ်မှူးများ ဂိုးကံခေခဲ့ခြင်းဖြစ်သည်။

မန်ယူသည် ယခုနှစ်တွင် ထိပ်ဆုံးနေရာ၌ ရာသီကုန်ချိန်အထိ အမြဲတမ်းရပ်တည်သွားရန် ကြိုးစားသွားမည်ဟု ဖာဂူဆန်က ပြောကြားသည်။ **(အင်တာနက်)**

ရိုးမားနောက်ခံလူ စီစင်ဟိုကို ဗီလာရီးရဲကလပ်က စာချုပ်မည်

အာကာဟိန်း ရေးသားသည်

မက်ဒရစ် ဇန်နဝါရီ ၁၇

စပိန်လာလီဂါမှ ဗီလာရီးရဲကလပ်က ရိုးမားအသင်းမှ နောက်ခံလူ စီစင်ဟိုအား စာချုပ် ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၆ရက်၌ ပြောကြားသည်။ **(ဓာတ်ပုံ)**

အသက် ၃၀အရွယ်ရှိ ဘရာဇီးနှင့် ရိုးမားအသင်း နောက်ခံလူ စီစင်ဟိုသည် ဗီလာရီးရဲ၌ ယခုနှစ်ရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးပြီဖြစ်ရာ တရားဝင်ပြောင်းရွှေ့ခွင့်ရရှိမည် ဖြစ်သည်။

စီစဉ်နေ

စီစင်ဟိုသည် ၂၀၀၅ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ရီးရဲမက်ဒရစ်အသင်း၌ ကစားခဲ့သူဖြစ်သည်။ ရိုးမားအသင်းက ၂၀၀၇ခုနှစ်တွင် ရီးရဲမက်ဒရစ်မှ စီစင်ဟိုကို ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ၁၅သန်းဖြင့် ခေါ်ယူခဲ့သည်။ ယခုအခါ ရိုးမားအသင်းမှ ဗီလာရီးရဲအသင်းသို့ ပြောင်းရွှေ့ရန် စီစဉ်နေခြင်းဖြစ်သည်။

ဟန့်တားနိုင်

စီစင်ဟိုသည် နောက်တန်းခံစစ်မှူးများတွင် အမှားအယွင်း အနည်းဆုံးခံစစ်မှူးတစ်ဦးဖြစ်ပြီး တစ်ဖက်တိုက်စစ်မှူးများ၏ တိုက်စစ်ဆင်မှုကိုလည်း ဂိုးဧရိယာအတွင်း အမှားအယွင်းကင်းစွာ ဟန့်တားနိုင်သူဖြစ်သည်။ စီစင်ဟိုသည် ခံစစ်မှူးကစားသမား တစ်လျှောက်တွင် သူ၏ မှားယွင်းမှုကြောင့် ပယ်နယ်တီ ပြစ်ဒဏ်ပေးခံရခြင်း မရှိခဲ့သူ တစ်ဦးလည်းဖြစ်သည်။ **(အင်တာနက်)**

အွန်နုရီ အာဆင်နယ်နှင့် လေ့ကျင့်မည်

လန်ဒန် ဇန်နဝါရီ ၁၇

အာဆင်နယ်အသင်း တိုက်စစ်မှူးဟောင်း အွန်နုရီသည် အာဆင်နယ်အသင်းနှင့် ပြန်လည်လေ့ကျင့်ရန် ရောက်ရှိနေကြောင်း အာဆင်နယ်ကလပ်က ဇန်နဝါရီ ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၃၃ နှစ်အရွယ်ရှိ အွန်နုရီ **(ဓာတ်ပုံ)**သည် ၂၀၀၇ခုနှစ်က အာဆင်နယ်မှ ထွက်ခွာခဲ့ပြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထိုမှတစ်ဆင့် ပြီးခဲ့သည့်နှစ်က အမေရိကန်နယူးယောက်ရက်ဘဲလ်ကလပ်သို့ ပြောင်းရွှေ့ကစားခဲ့သည်။ လာမည့်မတ်လတွင် စတင်မည့် အမေရိကန် မေဂျာလိဂ်အတွက် ကြိုတင်လေ့ကျင့်ရန် အာဆင်နယ်သို့ ရောက်ရှိနေခြင်းပင်ဖြစ်သည်။ အွန်နုရီသည် အာဆင်နယ်အတွက် ၂၂၆ ဂိုး သွင်းပေးခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်နှင့် အာဂျင်တီးနားတို့ ချစ်ကြည်ရေးခြေစမ်းပွဲကစားမည်

ဝါရှင်တန် ဇန်နဝါရီ ၁၇

အမေရိကန်ဘောလုံးအသင်းသည် အာဂျင်တီးနားအသင်းနှင့် လာမည့် မတ် ၂၆ရက်၌ ချစ်ကြည်ရေးခြေစမ်းပွဲကစားမည်ဖြစ်ကြောင်း အမေရိကန်ဘောလုံးအဖွဲ့ချုပ်က ဇန်နဝါရီ ၁၅ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ ချစ်ကြည်ရေးခြေစမ်းပွဲကို နယူးဂျာစီပြည်နယ် ရုသာဖို့ဒ်မြို့ရှိ နယူးမီရာ ဒေါ်လန်းစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ ၎င်းအားကစားရုံသည် ပရိသတ် ၈၀၀၀၀ ဆံ့သော အားကစားရုံဖြစ်သည်။

အမေရိကန်ဘောလုံးအသင်းသည် အာဂျင်တီးနားအသင်းနှင့် ကစားပြီး သုံးရက်အကြာတွင် ပါရာဂွေးအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ဆက်လက်ကစားမည်ဖြစ်သည်။ ထို့အပြင် အမေရိကန်အသင်းသည် ဇန်နဝါရီ ၂၂ ရက်၌ ချီလီအသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်သလို ဖေဖော်ဝါရီ ၉ရက်တွင် အီဂျစ်အသင်းနှင့် ခြေစမ်းပွဲ ဆက်လက်ကစားမည် ဖြစ်သည်။ **(အင်တာနက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ သင်္ချာ

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေနဲ့ စာမေးပွဲဖြေဆိုရာမှာ မှန်ကန်တိကျတဲ့ အဖြေပြည့်စုံစေတဲ့ နည်းလမ်းတွေ ထုတ်နုတ် ဖော်ပြနိုင်ဖို့ သိရှိစေဖို့ စာမေးပွဲမှာ ရှောင်ရှားရမယ့် အမှားများကို ဆုံးရှုံးနိုင်စေတဲ့ မှားတတ်တဲ့အမှားတွေကို သိရှိသတိမူပြီး ရှောင်ကြဉ်နိုင်ကြစေဖို့ စာမေးပွဲဖြေဆိုတဲ့အခါ သတိထားသင့်တဲ့ အကြောင်းအချက်အလက်များကိုလည်း သိရှိစေဖို့ရည် ရည်ရွယ်ချက်တွေနဲ့ သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ဒီသင်ခန်းစာကို ရှင်းလင်းရေးသား ပို့ချမှာဖြစ်ပါတယ်။

ယခုဆောင်းပါးအနေနဲ့ သင်္ချာဘာသာရပ်ဖြေဆိုရာမှာ ရုပ်ချုပ်ကိုင်တဲ့အမှတ်တွေကို ဆုံးရှုံးနေရစေတဲ့ မှားတတ်တဲ့အမှားတွေကို ရှင်းလင်းပါမယ်။ ယေဘုယျအားဖြင့် တွေ့ရှိရတတ်တဲ့ အမှားအမျိုးအစား (၄)မျိုးရှိပါတယ်။

ပထမအမှားတစ်မျိုးက သင်္ကေတအသုံးအနှုန်းများ မှားယွင်းခြင်း သို့မဟုတ် မပြည့်စုံခြင်း ဖြစ်ပါတယ်။

သင်္ကေတအသုံးအနှုန်း မှားယွင်းတတ်ပုံများကို သိရှိရောက်ကြနိုင်စေဖို့ ဥပမာအချို့နဲ့ ရှင်းလင်းတင်ပြပါမယ်။

function နှစ်ခု f နှင့် g ပေါင်းစပ်တဲ့ (စုပေါင်းဖြစ်တဲ့) $(g \circ f)(x) = g(f(x))$ ကိုရေးတဲ့အခါ နှစ်ခုကြားမှာ စက်ဝိုင်းလေးကို ပြည့်ပြည့်စုံစုံပါဖို့ အရေးကြီးပါတယ်။ ကွင်းတစ်ခုခုကျန်ခဲ့ရင် သို့မဟုတ် အစက်လေးမှာယွင်းရင် သင်္ကေတအသုံးအနှုန်းမှားတဲ့အတွက် ရလဒ်တဲ့အမှတ်များ နှုတ်ယူခံရနိုင်ပါတယ်။ ဥပမာ $g(f(x))$ ကို ရေးရမယ့်အစား $g \circ (f(x))$ ဆိုပြီး circle သင်္ကေတဖြစ်ကိုထည့်ရင်လည်း အမှတ်များဆုံးရှုံးရမှာဖြစ်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ $(2 + 3x)^5$ ဆိုတဲ့ binomial ရဲ့ $(r + 1)$ အကြိမ်မြောက် ကိန်းလုံးကို ရေးသားရာမှာ-

$$(r + 1)^{th} \text{ term of } (2 + 3x)^5 = {}^5C_r 2^{5-r} (3x)^r$$

ဆိုပြီး 3x ကို ကွင်းစကွင်းပိတ်နဲ့ ရေးသားရပါမယ်။ ကွင်းစကွင်းပိတ် ကျန်ခဲ့ရင် ရေးသားဖော်ပြချက် မှားယွင်းတဲ့အတွက် အမှတ်များဆုံးရှုံးမှာဖြစ်ပါတယ်။ တစ်ခါတလေ $(r + 1)^{th}$ term ဆိုတဲ့စကားလုံးကျန်ခဲ့ပြီး

$$(2 + 3x)^5 = {}^5C_r 2^{5-r} (3x)^r$$

လို့ ရေးဖြေသူအချို့ရှိနေတတ်ကြပါတယ်။ ဒီရေးသားချက်ဟာလည်း လုံးဝမှားယွင်းတဲ့အတွက် အမှတ်များ ဆုံးရှုံးမှာဖြစ်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့

$$(x - 1)(x - 2) < 0$$

ဆိုတဲ့ မညီမျှခြင်းကို algebraic နည်းနဲ့ဖြေရှင်းရာမှာ and နဲ့ or မှားယွင်းနေရင်ဖြင့် ကွင်းများ ပြည့်ပြည့်စုံစုံ အနေအထားမှန်မှန်ကန်ကန် ဖြစ်ရပါမယ်။ and နဲ့ or မှားယွင်းနေရင် ဒါမှမဟုတ် ကွင်းများမပြည့်စုံ အနေအထားမှန်ဖြစ်ရင် ရလဒ်တဲ့အမှတ်များ နှုတ်ခံရနိုင်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ calculus သင်ခန်းစာမှာ $e^x \cos x$ ရဲ့ derivative ကို ရှာတဲ့အခါ $\frac{d}{dx}(e^x \cos x)$ လို့ရေးရမယ့်အစား $\frac{dy}{dx}(e^x \cos x)$ ဆိုပြီး $\frac{d}{dx}$ ကို $\frac{dy}{dx}$ အဖြစ် မှားယွင်းရေးသားခဲ့ရင်လည်း ရလဒ်တဲ့အမှတ်အချို့ ဆုံးရှုံးပါလိမ့်မယ်။

သင်္ကေတအသုံးအနှုန်းနဲ့ပတ်သက်ပြီး နောက်ထပ်သတိပေးချင်တာတွေကတော့ function သင်ခန်းစာမှာ function တစ်ခု f ရဲ့ inverse သင်္ကေတ f^{-1} နဲ့ derivative သင်္ကေတ f' မှားယွင်းအသုံးမပြုဖို့၊ matrix သင်ခန်းစာမှာ matrix တစ်ခု A ရဲ့ inverse သင်္ကေတ A^{-1} နဲ့ transpose သင်္ကေတ A' လွဲမှားမရေးဖို့၊ calculus သင်ခန်းစာမှာ $\frac{dy}{dx}$ ရေးရမယ့်နေရာမှာ $\frac{dy}{dx}$ ကို မှားယွင်းမရေးဖို့၊ vector သင်ခန်းစာမှာ vector တွေရဲ့ direction ကို ညွှန်ပြတဲ့မြှား (arrow) များ ကျန်မနေစေဖို့ နောက်ပြီး vector နှစ်ခုစပ်ကြားကို အမြဲတမ်းပြည့်စုံစွာရေးရမှာဖြစ်တဲ့အတွက် $\frac{a}{b}$ ဆိုတဲ့ အနေအထားမျိုး မရေးမိဖို့၊ geometry ဆိုင်ရာမှာ သဏ္ဍာန်တူခြင်း similarity သင်္ကေတ ~ နဲ့ထပ်တူညီခြင်း congruence သင်္ကေတ ≅ လွဲမှားမရေးမိဖို့ စတဲ့အချက်တွေပဲဖြစ်ပါတယ်။

ဆက်လက်တင်ပြမယ့် ဒုတိယအမှားအမျိုးအစားကတော့ သင်္ချာဘာသာရပ်ရဲ့ သင်္ချာသင်္ကေတများကို ပြည့်စုံတိကျစွာ မဖော်ပြတဲ့အတွက် အဓိပ္ပာယ်မှားယွင်းခြင်း၊ မပြည့်စုံခြင်း၊ ရှေ့နောက် အဆက်အစပ် ပြတ်တောက်ခြင်းတို့ကို ဖြစ်ပေါ်စေတဲ့ အမှားမျိုး ဖြစ်ပါတယ်။ ဒီအမှားကိုလည်း ဥပမာများနဲ့ရှင်းလင်းပါမယ်။

ပထမဥပမာအနေနဲ့ $f(x) = 2x^2 - 5x + k$ အတွက် $x - 3$ ဟာ factor တစ်ခု ဖြစ်ခဲ့ရင် k ကို ရှာပါဆိုတဲ့ ပုစ္ဆာကိုတွက်ရာမှာ-

$$f(x) = 2x^2 - 5x + k$$

$$x - 3 \text{ is a factor of } f(x)$$

$$\therefore f(3) = 0$$

$$18 - 15 + k = 0$$

$$k = -3$$

ဆိုပြီး factor သီအိုရမ်ရဲ့ အနှစ်သာရကိုဖော်ညွှန်းတဲ့ $f(3) = 0$ ဆိုတဲ့ ဖော်ပြချက်မျိုး ပါအောင် ဖြေဆိုရပါမယ်။ အချို့ဖြေဆိုသူများကတော့-

$$f(x) = 2x^2 - 5x + k$$

$$f(3) = 18 - 15 + k$$

$$= 3 + k$$

$$k = -3$$

လို့ ဖြေတတ်ကြပါတယ်။ ဒါဟာ ဒီလိုဖြေဆိုရင် factor သီအိုရမ်ကို အသုံးပြုထားချက် $f(3) = 0$ ဆိုတဲ့ အဓိက အချက် မပါဝင်တဲ့အတွက် အပြည့်အဝမရရှိနိုင်သည့် အမှတ်ရော လျော့ပါမယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ calculus သင်ခန်းစာမှာ $\lim_{x \to 2} \frac{x^2 - 2x}{x^2 - 4}$ ကို ရှာခိုင်းတဲ့ ပုစ္ဆာကိုတွက်တဲ့အခါ -

$$\lim_{x \to 2} \frac{x^2 - 2x}{x^2 - 4}$$

$$= \lim_{x \to 2} \frac{x(x - 2)}{(x - 2)(x + 2)}$$

$$= \lim_{x \to 2} \frac{x}{x + 2}$$

$$= \frac{2}{2 + 2}$$

$$= \frac{1}{2}$$

လို့ ညီမျှခြင်းသင်္ကေတ "=" များကို တစ်ကြောင်းနဲ့တစ်ကြောင်းအဆက်အစပ်ရှိအောင် ပြည့်ပြည့်စုံစုံ ရေးသားပေးရပါမယ်။ ညီမျှခြင်းသင်္ကေတများပေါ်က တွက်ထားရင် တစ်ဆင့်နဲ့ တစ်ဆင့် အဆက်အစပ် ပြတ်တောက်ပြီး အဓိပ္ပာယ်မရှိနေတဲ့အတွက် ရလဒ်တဲ့အမှတ်အချို့ ဆုံးရှုံးနိုင်ပါတယ်။

နောက်ဥပမာ တစ်ခုကတော့ ပေးထားတဲ့ $y = e^x \cos x$ ရဲ့ derivative ကို ရှာတဲ့ရာမှာ-

$\frac{dy}{dx} = e^x \cos x + e^x(-\sin x)$ ဆိုပြီး $-\sin x$ ကို သေသေချာချာ ကွင်းစကွင်းပိတ်ရေးရပါမယ်။ $-\sin x$ ကို ကွင်းမခတ်ဘဲ ရေးမိရင်တော့ အဓိပ္ပာယ်လွဲမှားသွားတဲ့အတွက် အမှတ်များဆုံးရှုံးနိုင်ပါတယ်။ အလားတူစွာ တစ်ခုထက်ပိုတဲ့ ကိန်းလုံးတွေ ပါဝင်နေတဲ့ ကိန်းတန်းတစ်ခုနဲ့ အခြားကိန်းတစ်ခု သို့မဟုတ် ကိန်းတန်းတစ်ခု မြှောက်တဲ့အခါ ကိန်းတန်းတွေကို ကွင်းခတ်ပေးဖို့လိုပါတယ်။ ဥပမာ $2x^2 + 3y^2$ နဲ့ 4x တို့ရဲ့ မြှောက်လဒ်ကိုဖော်ပြရာမှာ $(2x^2 + 3y^2)4x$ ဆိုပြီး $2x^2 + 3y^2$ ကို ကွင်းခတ်ပြီး ရေးရပါမယ်။ $2x^2 + 3y^2$ ကို ကွင်းမခတ်ဘဲရေးရင် အနှုတ်ကလဒ်ဆိုလိုချက်တဲ့ အဓိပ္ပာယ် ပျောက်တဲ့အတွက် အမှတ်များ ဆုံးရှုံးပါလိမ့်မယ်။

ဆက်လက်တင်ပြမယ့် တတိယအမှားအမျိုးအစားကတော့ အတွေ့ကြုံတဲ့ တွက်ချက်မှုအဆင့်များ အရေးပါအဆင့်များပေါ်ခြင်း ထိုအလိုအပ်ဆုံးချက်ချက်ကို ဖြေဆိုတွက်ချက်မှု မပြတ်ရိုက်ကွက်ခြင်းတို့ ဖြစ်ပါတယ်။ ဒါကိုလည်း ဥပမာများနဲ့ ရှေးရှု ရှင်းလင်းပါမယ်။

$x * y = 3x^2 - 5xy + 3y^2$ (ပေးထားပြီးသဘောတရားအတိုင်း) binary operation ဟာ commutative ဖြစ်ကြောင်း သက်သေပြရာမှာ-

$$x * y = 3x^2 - 5xy + 3y^2$$

$$y * x = 3y^2 - 5yx + 3x^2$$

$$= 3x^2 - 5xy + 3y^2$$

$$\therefore x * y = y * x$$

$$\therefore * \text{ is commutative.}$$

ဆိုပြီး ပြည့်ပြည့်စုံစုံရေးသားတွက်ချက်ရပါမယ်။ အထူးသဖြင့် $x * y = y * x$ ဆိုတဲ့ commutativity ရဲ့ အဓိပ္ပာယ်ကိုဖော်ညွှန်းတဲ့ ရေးသားဖော်ပြချက် မဖြစ်မနေပါဖို့ လိုပါတယ်။ အဲဒီလိုမပါခဲ့ရင် ရသင့်တဲ့ အမှတ်အချို့ ဆုံးရှုံးပါလိမ့်မယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ ကိန်းတန်း $f(x) = x^3 - 3x^2 + 5x - 9$ ကို $x - 3$ နဲ့ စားတဲ့အခါ ကြွင်းမယ့် အကြွင်း (remainder) ကိုရှာရာမှာ-

$$f(x) = x^3 - 3x^2 + 5x - 9$$

$$f(x) \text{ is divided by } x - 3$$

$$f(3) = 27 - 27 + 15 - 9$$

$$= 6$$

$$\therefore \text{remainder} = 6$$

ဆိုပြီး ပြည့်ပြည့်စုံစုံ ရေးသား တွက်ချက်ရပါမယ်။
အချို့ဖြေဆိုသူများက-

$$f(x) = x^3 - 3x^2 + 5x - 9$$

$$f(x) \text{ is divided by } x - 3$$

$$f(3) = 27 - 27 + 15 - 9$$

$$= 6$$

အဆင့်နဲ့ရပ်တန့်ထားပြီး remainder = 6 ဆိုတဲ့ ရေးသားဖော်ပြချက်ကို ချန်ထားတတ်ကြပါတယ်။ ဒီပုစ္ဆာမှာ remainder ဟာ ပုစ္ဆာရဲ့သော့ချက်စကားလုံး (key word) ဖြစ်ပြီး မိမိတို့ရဲ့အဖြေမှာ အဲဒီ key word မပါခဲ့ရင် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးပါလိမ့်မယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

18-1 (15).pmd 1 1/18/2011, 4:04 AM

စာမျက်နှာ ၁၅ မှအဆက်

[illegible] inequation [illegible] system of equations [illegible] solution set [illegible] solution [illegible] set [illegible] solution set [illegible] (conclusion) [illegible]

[illegible] function [illegible] f, g နဲ့ h [illegible] function f∘(g∘h) ရဲ့ formula [illegible]

$$(f\circ(g\circ h))(x) = f((g\circ h)(x))$$
$$= f(g(h(x)))$$

[illegible]

$$(f\circ(g\circ h))(x) = f(g(h(x)))$$

[illegible] 'o' operation [illegible] operation [illegible]

[illegible] inequation [illegible] solution set [illegible] graphical method [illegible] algebraic method [illegible] matrix [illegible] inverse [illegible] use the definition of inverse matrix [illegible] inverse matrix [illegible]

[illegible] (numerical calculation) [illegible] (algebraic manipulation) [illegible]

[illegible] Section (A), Section (B), Section (C) [illegible] Section (A) က multiple choice question (၂၅)ပုဒ်ကို [illegible] မိနစ် (၃၀) နဲ့ (၄၀) [illegible] Section (B) ရဲ့ (၃)မှတ်တန် ပုစ္ဆာ(၅)ပုဒ် [illegible] (၂၅) မိနစ် နဲ့ မိနစ် (၃၀) [illegible] Section (C) က (၁၀)မှတ်တန်ပုစ္ဆာ (၆)ပုဒ် [illegible] မိနစ် (၃၀) [illegible] (၂၀) [illegible]

ဥပမာ Solve the equation $x^3 - 6x^2 + 11x - 6 = 0$ [illegible] $x = 1$ or $x = 2$ or $x = 3$ [illegible] $x = 1, 2, 3$ [illegible]

[illegible] The sum and product of three numbers in A.P. are 15 and 80 respectively. Find the numbers. [illegible] A.P. [illegible] 15 [illegible] 80 [illegible]

[illegible]

(၁) [illegible] (numerical calculation) [illegible] (algebraic manipulation) [illegible]
(၂) [illegible]
(၃) [illegible]
(၄) [illegible]
(၅) [illegible] (key word) [illegible]
(၆) [illegible]
(၇) [illegible] (၂၀) [illegible]

[illegible]

[illegible] Probability သည် 1 [illegible] ။

ရွှေဇီမာန်
အားတိုးဆေး
[illegible]
#311 YR 003633

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၈၆/ကံဘဲ့၊ မြေကွက်အမှတ်၈ 11³၊ မြေကွက်တည်နေရာ အမှတ်၅(ခ)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်လှကြည်အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဒေါ်လှကြည်၊ ခင်မွန်း ဦးသောင်းစိန်နှင့် သား ဇော်မျိုးသန့်တို့ ကွယ်လွန်သဖြင့် (၁) သား ဦးသန်းဇော် ၁၂/ရကန(နိုင်)၀၂၅၆၅၆ နှင့် မြေးများဖြစ်သော (၂)မသော်တာဖြိုး ၁၂/ရကန(နိုင်)၀၆၃၅၃၈၊ (၃)မစန္ဒာဖြိုး ၁၂/ရကန(နိုင်)၀၆၃၅၃၉၊ (၄) မကဥ္စနာဖြိုး ၁၂/ရကန(နိုင်)၀၆၃၅၄၀တို့က သားနှင့် အမွေမဲ့ မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ရွှေသန်လျင်ဆရာတော်
အထူးဓမ္မသဘင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈) ရပ်ကွက်ရှိရွှေသန်လျင်သာသနာ့ရိပ်သာကျောင်းတိုက်ရွှေသန်လျင် ဆရာတော် အရှင်မေဃိယ(သာသနဓဇ ဓမ္မာစရိယဝိနယဝိဒူ နယ်လှည့်သာသနာပြု ဓမ္မကထိက)အရှင်သူမြတ်သည် ဇန်နဝါရီ ၂၃ရက်ညတွင် တာမွေမြို့နယ် စက်မှုလက်မှုရပ်ကွက် မေတ္တာညွန့် အထူးဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်၍ တရားပွဲပင့်လိုသူများ ဖုန်း-၀၅၆-၂၁၄၀၅၊ ၀၉-၅၁၈၅၀၀၄တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၂)
ရန်ကုန်တိုင်းဒေသကြီးတရားရုံးနယ်တရားမရုံး၌
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၄၆၆

မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်	**နှင့်**	ဒေါ်ခင်သန်း
တရားလို		**တရားပြိုင်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၄၈နေ ဒေါ်ခင်သန်းသိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က ငွေ ၁၃၅၃၃၆၃၂ ကျပ် ၂၅ပြား ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၄ရက် (၁၃၇၂ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်နွယ်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး။

Since 1979 . . . more than 8000 students . . .
English Speaking ဦးညွန့်ဝေ
ELA ENGLISH LANGUAGE CENTER
2011
[illegible] PH : 056-21891

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်- ၁၂၆၉

ဦးဝင်းနိုင်	**နှင့်**	ဒေါ်အေးအေးငြိမ်း
အမှတ် ၂၀၊ ကျားကွက် သစ်လမ်း၊ ပုသိမ်ညွန့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။		အမှတ် ၄၄၊ ပထမထပ်(ညာ)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

တရားပြိုင်ဒေါ်အေးအေးငြိမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တိုက်ခန်းပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန်နှင့် ၎င်းတိုက်ခန်းတွင် အခမဲ့ အခွင့်နှင့်နေသူ တရားပြိုင်အား နှင်ထုတ်၍ လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၃၁ရက် (၁၃၇၂ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှလှရီ
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး။

မင်္ဂလာဗျူဟာအသင်းချုပ်
(၅၄)နှစ်မြောက်
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ကျင်းပမည့်ရက်	- ၃၀-၁-၂၀၁၁ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	- မွန်းလွဲ ၁ နာရီ
ကျင်းပမည့်နေရာ	- မင်္ဂလာဗျူဟာအသင်းချုပ်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ **ဖုန်း-၃၇၀၉၅၈။**

အမှုဆောင်အဖွဲ့။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေသည့်
အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်း-၂၂)
တောင်ငူခရိုင်တရားရုံးတော်၌
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၂ နှင့်ဆက်သွယ်သည့်
၂၀၁၀ခုနှစ် တရားမဇာရီမှုအမှတ်-၃၉

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် တောင်ငူမြို့။	**နှင့်**	၁။ ဒေါ်ခင်ဝင်းမြင့် ၂။ မောင်နေလပြည့်ဝင်းသိန်း
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ဒေါ်ခင်ဝင်းမြင့်၊ (သား)မောင်နေလပြည့်ဝင်းသိန်း ထူးချွန်အဆင့်မြင့် ဘော်ဒါဆောင်လုပ်ငန်း၊ အင်ဒိုင်းကျေးရွာ၊ တောင်ငူမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၁၀၂တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၈ရက် (၁၃၇၂ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၁ခုနှစ် ဇန်နဝါရီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ကြူကြူဝင်း
ခရိုင်တရားသူကြီး
တောင်ငူခရိုင်တရားရုံး။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

လူနေမှုနယ်ပယ်တွင် ဝတ်စားဆင်ယင်မှု ဒီဇိုင်းမျိုးစုံရွေးချယ်မှု ပိုမိုနစ်ခြိုက် အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ပူးပေါင်း

နေပြည်တော် ဇန်နဝါရီ ၁၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန အဆင့်မြင့် ချည်နှင့်အထည်ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် *စာမျက်နှာ ၃ ကော်လံ ၁* ●

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရုပ်ရှင်အကယ်ဒမီဆု ဒီနှစ် ဘယ်သူတွေရနိုင်မလဲ

သရုပ်ဆောင်ရဲအောင်၊ မိုမို့မြင့်အောင်တို့နှင့် လျှပ်တစ်ပြက်အင်တာဗျူး

➢ တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)

"အကယ်ဒမီကတော့ ရုပ်ရှင်သရုပ်ဆောင်တိုင်း မျှော်လင့်နေတဲ့အရာပါ။ ဒါပေမယ့် မရသေးတဲ့သူတွေကိုပဲ ပိုပြီး ရစေချင်ပါတယ်"

အကယ်ဒမီမိုမို့မြင့်အောင်။

(ယမန်နေ့မှအဆက်)

ရန်ကုန် ဇန်နဝါရီ ၁၇

အကယ်ဒမီဆုအတွက် ရင်ခုန်ဖွယ်ရာ နေ့ရက်ဆီသို့ မကြာမီ ရောက်ရှိတော့မှာ ဖြစ်ပါတယ်။

၂၀၀၉ ခုနှစ်အတွက် ချီးမြှင့်မည့် အကယ်ဒမီညချမ်းသည်ကား မဝေးတော့....။

အကယ်ဒမီဆုအတွက် အနုပညာအသိုင်းအဝိုင်းမှ ညီအစ်ကိုမောင်နှမများကလည်း သူတို့ရဲ့ ထင်မြင်ယူဆချက်တွေ၊ ခန့်မှန်းချက်တွေကို ပြောကြားနေကြပြီး ပရိသတ်တွေကလည်း မိမိတို့ အကြိုက်နဲ့ တစ်ထပ်တည်း ကျ

"၂၀၀၉ ခုနှစ် ထဲမှာ ဇာတ်ကားနှစ်ကား ပါဝင်သရုပ်ဆောင်ထားပါတယ်"

အကယ်ဒမီရဲအောင်။



မကျ၊ ရင်ခုန်သံချင်း နီးစပ်မှု ရှိမရှိ ညှိနေကြပြီဖြစ်ပါတယ်။

ဒီလို ရင်ခုန်ခြင်း၊ မှန်းဆခြင်းတွေနဲ့အတူဖြစ်တည်လာတဲ့ ရုပ်ရှင်အနုပညာရှင်တွေရဲ့ ရင်တွင်းစကားတွေကို ပရိသတ်ထံ တစ်ဆင့်ဖောက်သည်ချ တင်ပြချင်တဲ့အတွက် *စာမျက်နှာ ၅ ကော်လံ ၁* ✳

18-1 (20).pmd 1 1/18/2011, 4:04 AM